# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၈)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၁-၁၀-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူလင်းပြည်နယ်တွင် သက်တမ်းရင့်ရေနံမြေများ၌ အထွက်တိုးထုတ်လုပ်နေမှုနှင့် ရှီအန်းပြည်နယ်တွင် 3D Seismic တိုင်းတာသည့် စက်ပစ္စည်းကိရိယာထုတ်စက်ရုံများ လေ့လာကြည့်ရှု



နေပြည်တော် အောက်တိုဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration ၏ အကြီးအကဲဖြစ်သူ Mr. Zhang Jianhua ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ယူလင်းပြည်နယ်ရှိ သက်တမ်းရင့်ရေနံမြေများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ရှင်းလင်းပြသ

ထိုသို့ ကြည့်ရှုလေ့လာစဉ် နိုင်ငံပိုင် Yan Chang ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က ရေနံအထွက်တိုးစေရန်အတွက် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ဆောင်ရွက်နေမှု၊ ရေနံသိုက်များ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေနံတွင်းများအတွင်း ထည့်သွင်းရသည့်ရေကို ပြန်လည်သန့်စင်ခြင်း ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

အောက်တိုဘာ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား North Petroleum & Chemical Corporation ၏ အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့က သက်တမ်းရင့်ရေနံမြေများအလိုက် ရေနံအထွက်တိုးစေရေး ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံရှိသက်တမ်းရင့်ရေနံမြေများတွင် ဘူမိသက်တမ်း၊ ဘူမိမြေလွှာများအပေါ်မူတည်၍ ရေနံမြေအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့် နည်းပညာများနှင့် နည်းစဉ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသုံး၍ ရေနံမြေများအလိုက် စီမံခန့်ခွဲရန်လိုအပ်မှု၊ အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထိုသို့ ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုလေ့လာခဲ့သည့် ရေနံမြေသည် မိမိတို့နိုင်ငံရှိ ကုန်းတွင်းရေနံမြေများနှင့် နှိုင်းယှဉ်ပါက သက်တမ်းအားဖြင့် ကွာခြားမှုမရှိပါကြောင်း၊ ထုတ်ယူနိုင်သည့် လက်ကျန်ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏသည် မိမိတို့၏ အချို့သောရေနံမြေထက် များစွာနည်းပါးသော်လည်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စနစ်တကျဆောင်ရွက်နိုင်မှုကြောင့် အထွက်နှုန်းတွင် သိသိသာသာတိုးမြင့်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ခိုအောင်းနိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏ၏ ၉၀ ရာခိုင်နှုန်းအထိ ထုတ်ယူနိုင်သည်ကို အားကျဖွယ်တွေ့ရှိရပါကြောင်း။

မိမိတို့နှင့်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးရှိသည့်အပေါ် အခြေခံ၍ နည်းပညာအရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များတွင် အားကောင်းမှုရှိသည့်ကုမ္ပဏီများအား မိမိတို့၏ သက်တမ်းရင့်ကုန်းတွင်းရေနံမြေများတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ အထွက်တိုးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ကုမ္ပဏီမှ ဘူမိဗေဒနှင့် အင်ဂျင်နီယာပညာရှင်များ၏ အကူအညီဖြင့် မိမိတို့၏ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ရေနံမြေများအလိုက် တွေ့ကြုံနေရသည့် မိမိတို့၏ အခက်အခဲများကို ကျော်လွှားနိုင်ပြီး စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်သည့် ရေနံမြေများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ရေနံတက္ကသိုလ်များ၊ လုပ်ငန်းခွင်များသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ နောင်တွင် အဆင့်မြင့်နည်းပညာများ စနစ်တကျ လွှဲပြောင်းရယူပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် 3D Seismic တိုင်းတာခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက အစိတ်အပိုင်းတစ်ခုစီအလိုက် ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီးအစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များအား စမ်းသပ်စစ်ဆေးနေမှုတို့ကို ရှင်းလင်းပြသပြီး အဆင့်မြင့် Wireless 3D Seismic စက်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့စမ်းသပ်သရုပ်ပြသသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Wireline 2D Seismic ကိုသာ ဆောင်ရွက်နိုင်သေးသဖြင့် Wireless 3D Seismic စက်ပစ္စည်းကိရိယာများကို အသုံးပြုလာနိုင်ပါက ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ရှာဖွေဖော်ထုတ်အတည်ပြုနိုင်ခြင်း၊ ခိုအောင်းမှုပမာဏကို နီးစပ်စွာ ခန့်မှန်းနိုင်ခြင်း၊ Wireline 2D Seismic တိုင်းတာထားပြီး နေရာများတွင်လည်း ထပ်မံတိုင်းတာမှုများပြုလုပ်ခြင်းဖြင့် တူးဖော်ရေးအတွက် တိကျပြည့်စုံသည့် ဘူမိဗေဒဆိုင်ရာအချက်အလက်များ ထုတ်ဖော်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည်တွင်း၌ တိုးတက်ထုတ်ယူနိုင်ရေး ကြိုးပမ်းနေမှုများတွင် များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ အင်္ဂါနေ့။

## သာယာမှုအပေါင်းခညောင်းသည့် တန်ဆောင်မုန်းလ

မြန်မာ့လဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် ခဝဲပန်းများက ရာသီပန်းဖြစ်ပြီး တစ်လလုံးပွင့်လေ့ရှိသည်။ တန်ဆောင်မုန်းလသည် ဆောင်းဥတုအစဖြစ်သော်လည်း တစ်ခါတစ်ရံ မိုးတစ်ပြိုက်နှစ်ပြိုက် ရွာတတ်သေးသည့်လလည်းဖြစ်သည်။ ဆီးနှင်းတစ်သိုက်၊ မိုးတစ်ပြိုက် ဖြစ်စေသောလဟု ဆိုရမည်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာယုံကြည်မှုများစွာရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ "ကထိန် အာနိသင် ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူပွဲ" ဖြစ်သည်။ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်" ဟူသော ရှေးမြန်မာတို့၏ ဆိုစကားအရ သင်္ကန်းတကာ့ သင်္ကန်းတွင် ကထိန်သင်္ကန်းကပ်လှူခြင်းသည် အမြတ်ဆုံးဖြစ်သည်။

ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်း ကပ်လှူကြရသည်။ ကထိန်သည် ကထိနဟူသော ပါဠိစကားမှ ဆင်းသက်၍ ခိုင်ခံ့မြဲမြံသောကြောင့် ကထိန်ဟုခေါ်ကြောင်း ဖွင့်ဆိုထားပါသည်။ ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ရှိခဲ့သောအစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအား လှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့်ရဟန်းအား ဦးစားပေးရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်ပေသည်။ ရဟန်းအားလုံးသင်္ကန်းများ ပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဉတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို "ဉတ်သင်္ကန်း" ဟုခေါ်သည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း ကထိန်လျာသင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံးအပြိုင်ရက်လုပ်ကြသည့် "မသိုးသင်္ကန်းရက်ပြိုင်ပွဲ" ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည်။ တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့ စုံလင်သောလလည်းဖြစ်သည်။ လပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်ရှောက်သည့် နတ်အပေါင်းတို့သည် မဲဇလီပင်ရှိ နတ်သားကို လာရောက်ခစားကြရသည်ဟု မှတ်သားဖူးသည်။ ထို့ကြောင့် လပြည့်နေ့ညတွင် မဲဇလီဖူးကို သုပ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင် စွဲကျန်နေသည်။

တန်ဆောင်မုန်းလ၏ မီးထွန်းပွဲတော်မှာ တစ်မူထူခြားလှသည်။ တန်ဆောင်မုန်းလ၏ ရာသီမှာ ဗြိစ္ဆာရာသီဖြစ်ပြီး ယင်းရာသီ၏ နက္ခမှာ ကင်းမလက်မည်းရုပ်ဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ရပ်ကွက်များရှိလမ်းများတွင် မိမိတို့အစီအစဉ်ဖြင့် ဆီမီးများ၊ ရောင်စုံမီးပုံးများ၊ လျှပ်စစ်အလှဆင်မီးများဖြင့် ယနေ့တိုင် ထွန်းညှိဆင်နွှဲလေ့ရှိသည်။ တန်ဆောင်မုန်းလတွင် မြတ်နိုးဖွယ်ရာ ဓလေ့အစဉ်အလာများမှာ များပြားလှသည်။ ထိုအထဲတွင် ပုံ့သကူပစ်ပွဲသည်လည်း ပါဝင်သည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလသည် ယဉ်ကျေးမှုအစဉ်အလာများဖြင့် ဂုဏ်မြှင့်ပေးလျက်ရှိပြီး ဘာသာယဉ်ကျေးမှုကို ရှင်သန်အောင် လှုံ့ဆော်ပေးလျက်ရှိသောကြောင့် သာယာမှုအပေါင်းခညောင်းသည့် တန်ဆောင်မုန်းလဟု ရေးသားလိုက်ရပေသည်။

## မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများ ဖွင့်ပွဲနှင့် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် အကြိုပြိုင်ပွဲများ ဖွင့်ပွဲ အခမ်းအနားနှင့် အလယ်တန်း အဆင့် ပုံပြင်ပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၄၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပါဝင်ယှဉ်ပြိုင်သူများထဲမှ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သူ ၁၅ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ အကဲဖြတ် ရွေးချယ်ကြသည်။ အဆိုပါ ၁၅ ဦးသည် အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည့် ခရိုင်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆက်လက်ယှဉ်ပြိုင်ပြီး ဆုရရှိသူ ငါးဦးကို ရွေးချယ်ဆုချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပွဲတော် အကြိုပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများပါဝင်ပြီး ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ အကြိုကျင်းပမည် ဖြစ်သည်။

အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲ၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို အဆိုပါပွဲတော်ကျင်းပမည့် အောက်တိုဘာ ၂၉ ရက်တွင် အကြိုပြိုင်ပွဲများနှင့်အတူ အ·ထ·က(၁)တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၅၃)

၀-၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းကစတင်၍ သပြေချောင်းကျေးရွာ "ပန်းသပြေ" စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါလှုပ်ရှားမှုပြိုင်ပွဲများတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က အသိပညာပေးဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်၊ ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသားကလေးငယ်များ စာကြည့်တိုက်ကို အသုံးချတတ်သည့် အလေ့အထဖြစ်ပေါ်လာစေရန်၊ စာဖတ်ခြင်းဖြင့် အသိဉာဏ်ရည်ပိုမိုဖွံ့ဖြိုးလာစေရန်၊ ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် ဟောပြောခဲ့ပြီးနောက် သပြေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၀ ဦးတို့က ပုံပြော၊ ကဗျာရွတ်၊ ဉာဏ်စမ်းပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မကျီးပင်ကျေးရွာ "ရောင်ခြည်ဦး" စာကြည့်တိုက်တွင် အလားတူ အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပခဲ့ရာ မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသသည့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြောင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်ပစ္စည်းများကို အောက်တိုဘာ ၁၈ ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀-၀

## "ကြုံရဆုံရ သဘင်သည်ဘဝ" စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

စာရေးဆရာ ဆေးတန်သား (မန္တလေး) ရေးသားထားသော "ကြုံရဆုံရ သဘင်သည်ဘဝ" စာအုပ်မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ၄၂ လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ လောကနတ် သဘင်ရုံးတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် ခေါင်းစဉ်ငယ် ၂၅ ခုထည့်သွင်းရေးသားထားပြီး သဘင်သည်ဘဝအတွေ့အကြုံများ၊ ပွဲများကပြရာတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများနှင့် သဘင်ပညာရပ်ပိုင်းဆိုင်ရာများကို ထည့်သွင်းရေးသားထားကြောင်း သိရသည်။

"သဘင်သည်ဘဝမှာ တွေ့ကြုံခဲ့ရတာတွေကို ထည့်သွင်းရေးသားထားပါတယ်၊ ဒါ့အပြင် သဘင်ပညာရပ်ငါးမျိုးလောက်ကိုလည်း စာအုပ်ထဲမှာ ရေးသားထားပါတယ်"ဟု စာရေးဆရာ ဆေးတန်သား (မန္တလေး)က ပြောသည်။

စာအုပ်မိတ်ဆက်ပွဲတွင် မန္တလေးမြို့ရှိ စာရေးဆရာ၊ ဆရာမများ၊ သဘင်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၌ ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၀

သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ ISPE အမျိုးသား ဘောလုံးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်၍ မြန်မာ ISPE အမျိုးသား ဘောလုံးအသင်းကိုယ်စား အားကစားသမား ကျော်သီဟဇော်က ကျေးဇူးတင်စကားပြောကြားကာ ပထမဆုရရှိခဲ့သည့် ဆုဖလားကို ပြည်ထောင်စုဝန်ကြီးထံ အပ်နှံပေးအပ်သည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ စားရိပ်သာ၌ အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသား သင်တန်းသူများ၏ နေ့လယ်စာ စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အာဟာရပြည့်ဝစေရေးအတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် အားကစားအဖွဲ့များ စခန်းသွင်း လေ့ကျင့်နိုင်ရေး ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပြိုင်ပွဲရုံ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပုံမှန်သန့်ရှင်းရေးများပြုလုပ်ပြီး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် နဝရတ်အားကစားကွင်းအတွင်း အများပြည်သူများ လာရောက်လေ့ကျင့်နိုင်စေရေးအတွက် အဆင့်မြင့်အားကစားရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ လေ့လှော်အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ဆောင်သွားမည့် ပြိုင်ပွဲဝင်လှေများအား ကြည့်ရှုစစ်ဆေးပြီး လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ညမီးကြီး မီးပုံးပျံ၊ စိန်နားပန် မီးပုံးပျံများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ညစဉ် ၅ နာရီမှ စတင်လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်မီးပုံးပျံများအား အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်လွှတ်တင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ကထိန်လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ၊ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ကထိန်ဆက်ကပ်လှူဒါန်းပွဲ၊ မီးပဒေသာ လှည့်လည်ပူဇော်ပွဲများ၊ ဒေသထွက်ကုန် MSME(အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း) ပြခန်းများနှင့် နိုင်ငံကျော်အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုများဖြင့် ရှမ်းပြည်နယ်၏ အထင်ကရ တန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ တောင်ကြီးတန်ဆောင်တိုင်ချစ်သူများ၊ မီးပုံးပျံချစ်သူများ လာရောက်လည်ပတ်ကြည့်ရှု အားပေးနိုင်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၆၈ ရက် သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံ ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၄ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာ ခုနစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**သန့်ရှင်းရေးဆောင်ရွက်**

ထို့ပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောက်မဲမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ သွားလာနေထိုင်ရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့အတွင်း ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**မိုင်းစံ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာချိုက ပြိုင်ပွဲများ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ကျောင်းသားလူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများ၊ အတွေ့အကြုံဗဟုသုတများ ရရှိစေရန် ပြိုင်ပွဲများကို ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့ဌာနမှ ပြုလုပ်ပေးသည့် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်း၊ လူငယ်များ ပြိုင်ပွဲတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် စကားပြောစွမ်းရည်နှင့် အများရှေ့တွင် ရဲဝံ့စွာ ပြောဆိုနိုင်သည့် အလေ့အကျင့်ကောင်းများရှိလာပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကဗျာရွတ်ပြိုင်ပွဲကျင်းပရာ စာရေးဆရာ မောင်နွေဦး(လယ်ဝေး)ရေးသားထားသော "မကွယ်လမင်း" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့က ယှဉ်ပြိုင်ခဲ့ရာ ဆုရကျောင်းသား၊ ကျောင်းသူများအား မိုင်းစံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်-ပြန်/ဆက်)

၀-၀-၀-၀-၀

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စုနှင့် ဖက်ကွန်ကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ



**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စုနှင့် ဖက်ကွန်ကျေးရွာအုပ်စုရှိ ကန်လောင်းကျေးရွာ၊ ထီဝမ်(ထီဝေါ်) ကျေးရွာ၊ ငိုမူးကျေးရွာ၊ ထီခြုံကျေးရွာ၊ ဖက်ကွန်ကျေးရွာနှင့် ပုတ်ပြားကျေးရွာများ လျှပ်စစ်မီးဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ငိုမူးကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် တာဝန်ရှိသူများက လျှပ်စစ်မီးဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်မီးဖွင့်ပွဲအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ မီးလင်းသော ကျေးရွာခြောက်ရွာမှာ မြန်မာနိုင်ငံအတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးရွာပေါင်း ၉၆၈၃ ရွာအား တည်ဆောက်ပေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် ၄၆၃ ရွာ ရရှိခဲ့သည့် ကျေးရွာများတွင် ပါဝင်ခဲ့သည့် ကျေးရွာများဖြစ်ပါကြောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၅ ဒသမ ၀၂)မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀၀ ကေဗွီအေ နှစ်လုံး၊ ၁၁/၀ ဒသမ ၄ကေဗွီ ထရန်စဖော်မာ ၅၀ ကေဗွီအေ လေးလုံးတို့အား တည်ဆောက်ပေးခဲ့သလို ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့်လည်း ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁ ဒသမ ၅) မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၀၀ ကေဗွီအေ တစ်လုံးနှင့် ၄၀၀ဗို့ဓာတ်အားလိုင်း (၈ ဒသမ ၅)မိုင်တို့အား တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အတွင်း တည်ဆောက်မည့် ၃၀ မဂ္ဂါဝပ်နှင့်အောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြန်မြန်ဆန်ဆန် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဆောင်ရွက်နိုင်မည့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့် စီမံကိန်းများအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မင်းထွန်းက လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ဒေသခံ ဦးခွန်ငြိမ်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် တက်ရောက်လာသူများအား ကျေးရွာခြောက်ရွာ လျှပ်စစ်မီးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၆၈)

၀-၀-၀-၀

## မြစ်သားမြို့နယ်တွင် မိုးစပါးစိုက်ခင်း ၅၅၄၈၅ ဧက စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း

**မြစ်သား အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကင်းတားရေလှောင်တမံဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါးစိုက်ခင်း ၅၅၄၈၅ ဧက စိုက်ပျိုးပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ကင်းတားရေလှောင်တမံဆည်ရေမှ စမာမြောင်း၊ ပန်းလောင်မြစ်နှင့် မြောင်ကြီးဘောင်းမြစ်တို့မှတစ်ဆင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ထိုသို့ စိုက်ပျိုးရေ စနစ်တကျဖြန့်ဝေမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခု ၂၀၂၄-၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၅၅၄၈၅ ဧက စိုက်ပျိုးထားသည်။

ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စပါးအထွက်နှုန်း ကောင်းလေ့ရှိပြီး ပန်းတိုင်အထွက်နှုန်းလည်း ပြည့်မီကျော်လွန်ကြသဖြင့် မိုးစပါးစိုက်ပျိုးမှုဖြင့် နိုင်ငံ့စီးပွားတိုးတက်လျက်ရှိကာ တောင်သူများလည်း ထပ်တူ အကျိုးခံစားရ၍ အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀



## သတင်းစာဆရာ၊ စာပေပညာရှင်များအား ဂါဝရပြုကန်တော့ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး-ယာယီ)က သတင်းစာဆရာ၊ စာပေပညာရှင်များအား ဂါဝရပြုကန်တော့ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ ၃၄လမ်းနှင့် ၃၅ လမ်းကြား၊ ခရေလမ်းသွယ် ဘာဝနာဂုဏ်ရည်ကျောင်းတိုက်တွင် ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးဘဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) တွဲဖက်အတွင်းရေးမှူး ဦးမြတ်သစ်ခိုင်က ဖတ်ကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် သက်ကြီးစာပေပညာရှင်များအား ကန်တော့ချီးဖြင့် ဂါဝရပြုကန်တော့ပြီး သက်ကြီးစာပေပညာရှင်များအား ကန်တော့ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ သက်ကြီးစာပေပညာရှင်ဆရာကြီးများဖြစ်သည့် ဦးမာဃိန္ဒနှင့် ဦးကြည်အောင်တို့က အမှတ်တရစကားပြောကြားကြသည်။ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရန်အတွက် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများကို လှူဒါန်းခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက ပေးအပ်ပြီး သက်ကြီးပူဇော်ပွဲနှင့် ပတ်သက်၍ ကျေးဇူးတင်စကားကို အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းက ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **ရွှေမန်း**




## ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT) ထိုးနှံပေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ အသက် ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ် မကျော်သေးသည့် ကျောင်းသား၊ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကြိုတင်ကာကွယ်နိုင်ရန် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် KG ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ဆုံဆို့မေးခိုင်းရောဂါကာကွယ်ဆေး (DT) ထိုးနှံပေးခြင်းကို အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်နိုင်စိုး၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးမှူးများ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာ၏ ရောဂါလက္ခဏာများအကြောင်း၊ သားအိမ်ခေါင်းရောဂါဖြစ်ပွားပါက နောက်ဆက်တွဲ ဖြစ်ပွားနိုင်သည့် ရောဂါလက္ခဏာများ၊ HPV ကာကွယ်ဆေးသည် ဘေးကင်းစိတ်ချရသည့် ကာကွယ်ဆေးဖြစ်ပြီး HPV ရောဂါပိုးကြောင့် ဖြစ်ပွားနိုင်သည့် သားအိမ်ခေါင်းကင်ဆာရောဂါများကို ထိထိရောက်ရောက်ကာကွယ်နိုင်ကြောင်း ဟောပြောပြီးနောက် အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ကာ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး အသက် ငါးနှစ်ကျော်ပြီး ခုနစ်နှစ် မပြည့်သေးသည့် KG ကလေးငယ်များအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**



**စာအုပ်၊ စာပေ လူ့မိတ်ဆွေ။**

# မဲရုံကို သွားကြပါစို့

ခြံထဲက ပိတောက်ပင်ရိပ်အောက်မှာ ထိုင်ပြီး မန္တလေးနေ့စဉ်သတင်းစာကို စိတ်ဝင်တစားဖတ်ရှုနေခိုက် ခြံရှေ့ကနေ ဗျို့…ဆရာလောကမင်း ရှိလားဗျဆိုတဲ့အသံကို ကြားလို့ထွက်ကြည့်လိုက်ရာ ဟာ… ဆရာစိမ်းလန်းမြေ လာဗျာ။ မတွေ့တာတောင် အတော်ကြာနေပြီနော်။ ဘယ်ကနေ မျက်စိလည် လာတာလဲဗျ။ ခင်ဗျားဆီကိုပဲ တကူးတကလာခဲ့တာ။ ဒါနဲ့ဘာတွေများ ဖတ်နေတာလဲ ဆရာလောကမင်းရဲ့။ သြော်… ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းအကြောင်းအရာလေးတွေပါဗျာ။ အေးနော် ရွေးကောက်ပွဲလည်းနီးနေပြီ။ ဆရာလောကမင်း သိသလောက် ကျွန်တော့်ကို ရှင်းပြပါလားဗျ။ အခုကျင်းပမယ့်ရွေးကောက်ပွဲက အရင်စနစ်တွေနဲ့ မတူဘူးဆို။ ဟုတ်တယ် ဆရာစိမ်းလန်းရေ၊ အခုကျင်းပမယ့် ရွေးကောက်ပွဲစနစ်က ထူးခြားတယ်ဗျ။ နောက်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်လိမ့်မယ်။ ဆိုစမ်းပါဦး ဆရာလောကမင်းရယ် ဗဟုသုတရတာပေါ့ဗျာ။ အေးဗျ…ကျွန်တော်သိသလောက် လေ့လာဖတ်ထားသလောက် ရှင်းပြပါ့မယ်။ စကားပြောရင်း အပျင်းပြေစားရအောင် လူကြီးစားလက်ဖက်လေးနဲ့ ရေနွေးကြမ်းလေးလုပ်ခိုင်းလိုက်ဦးမယ်။ ရပါတယ်ဗျာ။ ဒုက္ခမရှာပါနဲ့ များလေကောင်းလေပဲ ဟဲ…ဟဲ။ ဆရာစိမ်းလန်းလည်း သူ့ဝသီအတိုင်း အရွှန်းဖောက်လိုက်ပါတယ်။

ဒီလိုဗျ ဆရာစိမ်းလန်းရ။ နိုင်ငံတော်က ကျင်းပပေးမယ့် အထွေထွေရွေးကောက်ပွဲကြီးက ထူးခြားချက်(၃)ရပ် ရှိတယ်။ (၁)အချက်က ရွေးကောက်ပွဲစနစ်ပဲ။ အရင်ကဆို ရွေးကောက်ပွဲမှာ မဲအများဆုံးရသူအနိုင်ယူစနစ်လို့ခေါ်တဲ့ (FPTP) ကို ကျင့်သုံးခဲ့တာလေ။ အဲ့ဒီတော့ ကျန်တဲ့ပါတီလေးတွေအနေနဲ့ နစ်နာတာပေါ့ဗျာ။ အခုကတော့ အချိုးကျကိုယ်စားပြုလို့ခေါ်တဲ့ (PR)စနစ်ကိုပါ ထည့်သွင်းကျင်းပမှာဖြစ်တယ်။ အဲ့ဒီတော့ ပါတီငယ်လေးတွေအတွက်လည်း အခွင့်အရေးတစ်ရပ် ရလာတာပေါ့ဗျာ။ ပြည်သူ့လွှတ်တော်ကို အနိုင်ရတဲ့သူအကုန်ယူစနစ်နဲ့သွားပြီး အမျိုးသားလွှတ်တော်နဲ့တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေကိုတော့ အနိုင်ရသူအကုန်ယူစနစ်ရော အချိုးကျကိုယ်စားပြုစနစ်ရော နှစ်ခုကိုပေါင်းစပ်ထားတဲ့ (MMP)စနစ်နဲ့သွားမှာဖြစ်တယ်ဗျ။ ဟုတ်ကဲ့ပါ ဆရာလောကမင်း ဆက်ပြောပါဦးဗျာ။ ပြည်သူ့လွှတ်တော် ၃၃၀ ဦး ကို FPTP စနစ်နဲ့ ရွေးချယ်မှာဖြစ်ပြီး အမျိုးသားလွှတ်တော်အတွက် ၁၆၈ ဦး ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေ ၁၂ ဦး ရွေးကောက်တင်မြှောက်ရမှာ ဖြစ်တယ်။ အဲ့ဒီနေရာမှာ အနိုင်ရသူအကုန်ယူစနစ်နဲ့ ခြောက်ဦး၊ အချိုးကျကိုယ်စားပြုစနစ်နဲ့ ခြောက်ဦးရွေးချယ်သွားမှာဖြစ်တယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးထည့်ပေါင်းရင် အားလုံး ၂၂၄ ဦး ရှိတာပေါ့ဗျာ။ ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက်ကလည်း တစ်မြို့နယ်ကို နှစ်ဦးစီ ရွေးချယ်ကြရမှာဖြစ်တယ်။ တစ်ဦးကို FPTP စနစ်နဲ့ ရွေးပြီး နောက်တစ်ဦးကတော့ PR စနစ်နဲ့ပေါ့ဗျာ။ FPTP စနစ်နဲ့ရရှိတဲ့ ခိုင်လုံမဲတွေဟာ PR စနစ်မှာသွားပြီး အကျုံးဝင်တယ်လေ။ သြော်…ဟုတ်လား အခုမှပဲ ရှင်းသွားတော့တယ် ဆရာရယ်။ ဒါနဲ့ တစ်လက်စတည်း ဆက်ပြောပါဦး။ ဟုတ်ကဲ့ပြောပါ့မယ်။ လက်ဖက်လည်းစား၊ ရေနွေးကြမ်းလည်းသောက်ဗျာ။ အခု ကျွန်တော်ရှင်းပြတာတွေက ကျွန်တော်သိသလောက်၊ မှတ်ထားသလောက်ပဲ ရှိတာပါဗျာ။ လိုအပ်ချက်တွေလည်း ကျန်ဦးမှာပါ။ ကဲ…ဆက်ရအောင်၊ ထူးခြားချက်(၂)ကတော့ မဲပေးတဲ့စနစ်ပဲဗျ။ ဆရာစိမ်းလန်းလည်း မဲပေးခဲ့တဲ့အကြိမ်ရေ မနည်းတော့ဘူးလေ၊ အရင်က မဲပေးတဲ့အခါ စာရွက်မဲပြားပေါ်မှာ ကိုယ်ကြိုက်နှစ်သက်တဲ့ ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကို တံဆိပ်နှိပ်ပြီးပေးခဲ့ကြရတာ မဟုတ်လား။ အဲ့ဒီမှာ ဘာပြဿနာဖြစ်သလဲဆိုရင် မဲဆန္ဒရှင်ပေးလိုက်တဲ့ ဆန္ဒမဲတစ်ပြားက သတ်မှတ်ထားတဲ့ အကွက်ထဲမရောက်ဘဲ စည်းအပြင်၊ ဘောင်အပြင်ရောက်နေမယ်။ တခြားအဖွဲ့အစည်းရဲ့ အမှတ်အသားနဲ့ ကြားကျနေမယ်ဆိုရင် အငြင်းပွားမှုတွေဖြစ်၊ ပယ်မဲတွေ ဖြစ်သွားကြတယ်။ အခုစနစ်ကတော့ မဲပြားပေါ်မှာ ပေးရတာမဟုတ်တော့ဘဲ စက်နဲ့ပေးရမှာ ဖြစ်တယ်ဗျ။ စက်နဲ့ဟုတ်လား ဆရာလောကမင်း။ ဟုတ်ပါ့ဗျာ။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ ပေးကြရမှာဗျ။ စက်နဲ့ မဲပေးတော့ စိတ်ချလုံခြုံမှုရှိရဲ့လား။ မသမာမှုတွေ မဖြစ်နိုင်ဘူးလား။ ဟုတ်ကဲ့၊ ဆရာစိမ်းလန်းကိုရှင်းပြရရင် အခုအသုံးပြုမယ့် MEVM လို့ခေါ်တဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို ကျွန်တော်တို့ မြန်မာပြည်မှာပဲ တီထွင်ထုတ်လုပ်ထားတာဗျ။ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနက အတတ်ပညာရှင်တွေ၊ မြန်မာ့တပ်မတော်နည်းပညာတက္ကသိုလ်က ပညာရှင်တွေ ပူးပေါင်းပြီး ထုတ်လုပ်ထားတာလေ။ အားရလိုက်တာ ဆရာရယ်။ ဆက်ပြောရဦးမယ်၊ ဒီစက်တွေကို အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးပြီး စိတ်ချရပြီဆိုတော့မှ ပြည်သူလူထုကို လက်တွေ့စမ်းသပ်မဲပေးခိုင်းတာပေါ့။ စက်ရဲ့ အားသာချက်တွေကတော့ ရာနှုန်းပြည့်ပဲ။ စက်တွေအားလုံးက အီလက်ထရောနစ်စနစ်နဲ့ ဆောင်ရွက်ထားတာ၊ ဘယ် Network၊ ဘယ် Facebook၊ ဘယ် WiFi တွေနဲ့မှ ချိတ်ဆက်ထားခြင်းမရှိလို့ လုံခြုံမှုအဆင့်အတန်းကတော့ ရာနှုန်းပြည့်ပေါ့ဗျာ။ နောက်ပြီး မဲမသမာမှုတွေလည်း မရှိတော့ဘူးလေ။ အချိန်ကုန်လည်း သက်သာသွားတာပေါ့။ အေးနော် ဆရာလောကမင်းပြောမှ ရှင်းသွားတော့တယ်။ ဆက်ပြောပါဦး ဆရာ။ စက်အကြောင်း ဆက်ပြောရမယ်ဆိုရင် စက်မှာ အစိတ်ပိုင်းသုံးခု ရှိတယ်ဗျ။ မဲပေးဖို့အတွက် အသုံးပြုရမယ့် ဆန္ဒပြုတဲ့စက်(Ballot Unit)ရယ်၊ မဲပေးလို့ရကြောင်း အချက်ပြပေးရတဲ့ ထိန်းချုပ်စက် (Control Unit)ရယ်၊ ကိုယ်ပေးလိုက်တဲ့ ပါတီအဖွဲ့အစည်းအမည်ကို တစ်ခါတည်းကြည့်လို့ရတဲ့ မဲပေးချက်ဖော်ပြတဲ့စက် (Verification Unit) ရယ်ဆိုပြီးပါတယ်ဗျ။ အရင်မဲပေးခဲ့တုန်းကဆို မဲရုံမှူးဆီမှာ မဲပြားထုတ်၊ ဆန္ဒပြုခန်းထဲ သွားဆန္ဒပြု၊ နောက်ပြီးမဲပုံးထဲထည့်တာ မဟုတ်လား။ အခုကတော့ တစ်ခါတည်း စက်ကထွက်လာပြီး အောက်ကပုံးထဲ အလိုအလျောက်ကျသွားမှာ ဖြစ်တယ်။ မဲပေးတဲ့အခါမှာ ပြည်သူတွေအနေနဲ့ သတိထားရမှာက ဆန္ဒပြုစက်ပေါ်က မီးလေးစိမ်းလာတဲ့အထိလေးစက္ကန့်လောက် စောင့်ရမယ်။ မီးလေးစိမ်းမှ ကိုယ်ပေးချင်တဲ့ပါတီကို ခလုတ်နှိပ်ပြီး မဲပေးလိုက်ရုံပဲ။ အကြိမ်ကြိမ်နှိပ်လို့လည်း မရဘူးဗျ။ ဒါဆို ဆရာလောကမင်းကို တစ်ခုမေးချင်တယ်။ မေးပါဗျာ။ ကျွန်တော် သိသလောက်ပြောပြပါ့မယ်။ မဲပေးစက်တွေပေါ်မှာပါတဲ့ ခလုတ်တွေက ခဏခဏနှိပ်ပါများတော့ ကျုံကုန်၊ ပျက်ကုန်မှာပေါ့။ နောက်ပြီး မီးပျက်သွားရင်ကော ဘယ်လိုလုပ်မလဲ။ အဲ့ဒီအတွက် စိတ်ပူစရာမလိုပါဘူးဗျာ။ အခုအသုံးပြုမယ့်စက်ရဲ့ ခလုတ်တွေက အကြိမ်ရေသန်းချီပြီး နှိပ်လို့ အသုံးပြုလို့ရပါတယ်။ ကျုံသွားတာ၊ လောင်သွားတာတွေ မဖြစ်ပါဘူး။ အကောင်းစားပစ္စည်းတွေနဲ့ တပ်ဆင်ထားတာပါ။ နောက်ပြီးတော့ မီးမလာလို့လည်း စိတ်မပူရပါဘူး။ ဘာလို့လည်းဆိုတော့ ဘက်ထရီစနစ်ကို အသုံးပြုထားလို့ပဲ။ အဲ့ဒီဘက်ထရီတွေကလည်း အားအသုံးခံတဲ့ ဘက်ထရီနှစ်လုံးကို အသုံးပြုထားတာလေ။ အရန်ဘက်ထရီတွေလည်း အဆင်သင့်ထားပေးမှာပါ။ တော်တော်လေးတော့ စနစ်တကျနဲ့ အဆင့်မြင့်မြင့် လုပ်ထားတာပဲနော်။ ဟုတ်တယ် ဆရာစိမ်းလန်းရေ။ ဒါ့အပြင် မဲပေးစက်ထဲမှာလည်း မန်မိုရီကတ် ထည့်ထားတာဗျ။ မဲပေးပြီး မဲရေတွက်တဲ့အခါမှာလည်း လွယ်လွယ်ကူကူနဲ့ မဲရေတွက်နိုင်တယ်လေ။ အရင်ကလို အချိန်တွေအကုန်ခံပြီး ရေတွက်နေဖို့ မလိုတော့ဘူး။ မဲရလဒ်ကို တစ်ခါတည်းသိနိုင်တယ်။ အဲ့ဒီ မဲပေးစက်ထဲကမန်မိုရီကတ်နဲ့ မဲစာရင်းလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က (၅)နှစ် သိမ်းဆည်းထားမှာဖြစ်တယ်။ ဒါဆို မဲပေးစက်ရဲ့အားသာချက်တွေက အများကြီးပေါ့နော်၊ ဆရာ လောကမင်း။ ဟုတ်တယ် ဆရာစိမ်းလန်းရေ။ တချို့လူတွေက မဲပေးစက်တွေကို စိတ်မချရဘူး။ မဲမသမာမှု လုပ်လို့ရတယ်။ သူတို့လိုချင်တဲ့ပါတီအတွက် ထိန်းချုပ်ပေးလို့ရတယ်ဆိုပြီး လျှောက်ပြောနေကြတာ။ တကယ်တော့ အခုမဲပေးစက်တွေကမှ ပိုပြီးစိတ်ချရတာ။ ဒါ့ကြောင့်လည်း မဲပေးစက်အကြောင်းသိကောင်းစရာနဲ့ စမ်းသပ်မဲပေးခြင်းတွေကို ပြည်သူတွေသိရှိအောင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပေးနေတာပေါ့ဗျာ။ ဆရာစိမ်းလန်းလည်း ကိုယ့်မိတ်ဆွေတွေကို လက်လှမ်းမီသလောက်ပြောပေးပါဗျာ။ ဟုတ်ကဲ့ပါ ဆရာလောကမင်း ကျွန်တော်လည်း ပြောပေးပါ့မယ်။ သြော်…ဒါနဲ့ နောက်ထူးခြားတဲ့အပိုင်းကဘာလဲ ဆရာ။ နောက်ထူးခြားချက်အပိုင်း(၃)ကတော့ ရွေးကောက်ပွဲကျင်းပမယ့်အချိန်ပဲဗျ။ အရင်ကဆို တစ်ရက်တည်း၊ တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း ကျင်းပခဲ့တာ။ ဒီတစ်ခါကျင်းပမယ့် ရွေးကောက်ပွဲကိုတော့ အပိုင်းလိုက်ကျင်းပပေးသွားမှာဖြစ်တယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားတာဖြစ်တယ်ဗျ။

အခုဆို ပထမပိုင်းအနေနဲ့ ရွေးကောက်ပွဲကျင်းပပေးမယ့် မြို့နယ်တွေကို ကြေညာထားပြီးပြီလေ။ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ ကျင်းပမှာ ဖြစ်တယ်ဗျ။ ဆရာလောကမင်း ပြောသလိုဆို အခုလာမယ့် ရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတတဲ့၊ မဲမသမာမှုကင်းတဲ့ ရွေးကောက်ပွဲကြီး ဖြစ်မှာပေါ့နော်။ ဒါပေါ့ဗျာ။ ဆရာတို့၊ ကျွန်တော်တို့အားလုံး တောင့်တနေတဲ့ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ကြတဲ့အခါမှာ ရွေးကောက်ပွဲတိုင်းက အရေးကြီးတဲ့အခန်းကဏ္ဍမှာပါတယ်လေ။ နောက်ပြီး ၁၈ နှစ်ပြည့်ပြီးတဲ့ နိုင်ငံသားတိုင်း ဥပဒေနဲ့အညီ မဲပေးခွင့်ရှိတဲ့ နိုင်ငံသားတိုင်း မဲပေးကြဖို့ လိုတယ်ဗျ။ အမှန်ပဲ ဆရာလောကမင်းရေ လူသားတိုင်းရဲ့ အခွင့်အရေးမဆုံးရှုံးရအောင် မဲပေးဖို့တော့ လိုတယ်နော်။ မဖြစ်မနေ မဲပေးကြရမှာက ကျွန်တော်တို့ ပြည်သူတွေရဲ့တာဝန်ပဲလေ။ ဒါမှ နိုင်ငံသားတိုင်းရဲ့ တာဝန်ကျေပွန်မှာ မဟုတ်လား ဆရာရယ်။

ဟုတ်ပါ့ ဆရာလောကမင်းရယ်၊ ကဲ … ကျွန်တော်လည်း ပြန်ဦးမယ်ဗျာ။ အခုလို အသေးစိတ်ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ပြီး ကျွန်တော့်ရဲ့ မိတ်ဆွေ၊ အပေါင်းအသင်းတွေကိုလည်း ဆရာရှင်းပြသလိုပြန်ပြီး ရှင်းပြပေးမယ်ဗျာ။ မဲပေးရက်ရောက်ရင်လည်း မဲပေးကြဖို့ ကျွန်တော်ဆော်ဩပေးမယ် ဆရာရေ။ ကောင်းပါလေ့ ဆရာစိမ်းလန်းရေ။ ကျေးဇူးပါပဲဗျာ။ ပြည်သူတွေများများသိတော့ ပိုပြီးကောင်းတာပေါ့။ နောက်ပြီး မဲစာရင်းမှာ ကိုယ့်နာမည်ပါ၊ မပါလည်း သွားကြည့်လိုက်ကြဦးနော်။

ဟုတ်ကဲ့ပါ ဆရာရေ။ ကဲ…သွားပြီဗျာ။ နောက်မှ တွေ့ကြတာပေါ့။ ဆရာစိမ်းလန်းမြေ ပြန်သွားပြီးမှပဲ ဒီနေ့ ဆရာစိမ်းလန်းကို ရှင်းပြတဲ့ အကြောင်းအရာတွေကို အခြေခံပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေဖို့အတွက် ပြည်သူတစ်ရပ်လုံး "မဲရုံကိုသွားကြပါစို့" ခေါင်းစဉ်နဲ့ အကျိုးပြုဆောင်းပါးတစ်ပုဒ်ရေးသားပြီး ဂုဏ်ပြုလိုက်ရပါတယ်။

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ(အပိုင်း-၁)အား ဂုဏ်ပြုကြိုဆိုရေးသားပါသည်။)

**၁၈ နှစ်ပြည့်ပြီးတဲ့ နိုင်ငံသားတိုင်း ဥပဒေနဲ့အညီ မဲပေးခွင့်ရှိတဲ့ နိုင်ငံသားတိုင်း မဲပေးကြဖို့ လိုတယ်ဗျ။ အမှန်ပဲ ဆရာ လောကမင်းရေ လူသားတိုင်းရဲ့ အခွင့်အရေးမဆုံးရှုံးရအောင် မဲပေးဖို့တော့လိုတယ်နော်။ မဖြစ်မနေ မဲပေးကြရမှာက ကျွန်တော်တို့ ပြည်သူတွေရဲ့ တာဝန်ပဲလေ။ ဒါမှ နိုင်ငံသားတိုင်းရဲ့ တာဝန်ကျေပွန်မှာ မဟုတ်လား။**

နန္ဒလောကမင်း

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Kendrick Lamar ကမ္ဘာ့ဂီတစာရင်းတွင် လူကြိုက်များလာ

ကန်ဒရစ်လာမာသည် Super Bowl Halftime Show ဖျော်ဖြေပြီးနောက် ကမ္ဘာ့ဂီတစာရင်း (Global Spotify)တွင် ထိပ်ဆုံးစာရင်းဝင်၍ လူကြိုက်များလာကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကန်ဒရစ်လာမာ၏ Not Like Us မှာ နံပါတ်(၁၀)နေရာမှ နံပါတ်(၁)နေရာ တက်ခဲ့ရုံသာမက အခြားသီချင်းများလည်း (Global Spotify) စာရင်းဝင်လာခဲ့ကြရာ Luther,TV Off, All The Stars,Squabble up,30 for 30, Humble, Money Trees, Peekaboo, Like That, Pride,Alright, Love,Hey Now, Euphoria တို့ စာရင်းဝင်ခဲ့ကြသည်။

ကန်ဒရစ်လာမာ၏ Super Bowl Halftime Show Performance နှင့်ပတ်သက်၍လည်း လူအတော်များများ အကြိုက်တွေ့အားပေးထားကြသည်။ **(SKY)**

## V@Kim Taehyung ဂျပန်နိုင်ငံတွင် ပြိုင်ဘက်ကင်းအနုပညာရှင်ဖြစ်

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်)ကင်ထယ်ယောင်းသည် ဂျပန်နိုင်ငံ၏ လူကြိုက်အများဆုံး အဆင့်သတ်မှတ်ချက် ပထမနေရာကို သိမ်းပိုက်ခဲ့ပြီး ပြိုင်ဘက်ကင်း အနုပညာရှင်ဖြစ်လာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



၂၀၂၅ ခုနှစ်အတွက် ဂျပန်အိုင်အိုအဆင့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Neban မှ ပြုလုပ်သော စစ်တမ်းတွင် ၂၀၂ ပတ် ဆက်တိုက်ကို ဗွီ (ခေါ်) ကင်ထယ်ယောင်းက ထိန်းသိမ်းထားပြီး နာမည်ကြီးကိုရီးယားမင်းသားအဆင့် သတ်မှတ်ချက်တွင်လည်း ပထမနေရာကို ၁၉၈ ပတ်ချိတ်ခဲ့သည်။

ဂျပန်နိုင်ငံမှ ကင်ထင်ယောင်းကို အဆိုတော်၊ သရုပ်ဆောင်သာမက ဖက်ရှင်၊ အလှတရားနှင့် လူနေမှုပုံစံဦးဆောင်သူအဖြစ် သတ်မှတ်ခဲ့ကြပြီး ဂျပန်သန်းကြွယ်သူဌေး ယူဆာကူရာ မဲဇာဝါကလည်း ဗွီ၏အမာခံ ပရိသတ်ဖြစ်ခဲ့သည်။

**(SKY)**

## Seo Kang Joon က Undercove High School နှင့် ရေပန်းစားခဲ့

သီတင်းတစ်ပတ်အတွင်း အကျော်ကြားဆုံး ဒရာမာစာရင်းတွင် နံပါတ်(၁)နေရာရရှိခဲ့သော Undercover High School နှင့် မင်းသား ဆိုကွမ်ဂျွမ် ရေပန်းစားခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဒရာမာကားသည် Good Data Corporation ၏ လူကြိုက်အများဆုံး ရုပ်သံဒရာမာ အပတ်စဉ်စာရင်းတွင် နံပါတ်(၁)ရခဲ့ကာ မင်းသားဆိုကွမ်ဂျွမ်လည်း အကျော်ကြားဆုံး သရုပ်ဆောင်နံပါတ်(၁) ဖြစ်ခဲ့သည်။

အနုပညာလောကသို့ လေးနှစ်ကြာမှ ပြန်လည်ရောက်ရှိလာသော ဆိုကွမ်ဂျွမ်သည် လိုက်ဖက်သော ဇာတ်ရုပ်၊ ခပ်မိုက်မိုက်စတိုင်လ်များနှင့် ဟာသနှောတင်ဆက်သွား၍ ပရိသတ်ကြား ရေပန်းစားခဲ့သည်။ **(SKY)**






## Yang Mi က စီးပွားရေးဝင်ငွေတန်ဖိုး အမြင့်ဆုံးပိုင်ဆိုင်ထားသူဖြစ်

တရုတ်အနုပညာလောကမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့အဆင့်ဝင် စစ်တမ်းများအရ စီးပွားရေးဝင်ငွေတန်ဖိုးအမြင့်ဆုံး ပိုင်ဆိုင်ထားကြသည့် တရုတ်အနုပညာရှင်စာရင်းတွင် ယောင်းမီသည် ထိပ်ဆုံးအဆင့်ဝင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ကိုယ်တိုင်ဩဇာလွှမ်းမိုးမှု၊ မီဒီယာဆိုင်ရာကျော်ကြားမှု၊ ပြည်တွင်းပြည်ပစီးပွားရေးကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာမှု၊ အနုပညာလုပ်ငန်းမှ အမြင့်ဆုံးစီးပွားရေးတန်ဖိုးရရှိမှုတို့ ပါဝင်ကာ ယောင်းမီ၊ ဝမ်ရိဘိုနှင့် ဒီလီရီဘာဒီမူရတ်တို့ ထိပ်ဆုံးစာရင်းဝင်ခဲ့ကြသည်။

ဂေါင်ဂျွန်း၊ ကျန်ရီယွမ်၊ ချောင်ရီ၊ ယောင်ဇီ၊ ကျောင်းလီယင်း၊ ရှောင်းကျန့်နှင့် တန်ကျိအန်ချီတို့လည်း ထိပ်ဆုံးဆယ်ဦးစာရင်းဝင်ခဲ့ကြသည်။

**(SKY)**

## Lisa က အင်တာဗျူးတွင် ကိုယ်ရေးကိုယ်တာကိစ္စသည် လျှို့ဝှက်ချက်ဟု ပြောကြားထား




ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာ (ခေါ်)လာလီဆာ မန်နိုဘန်သည် The Wall Street ဂျာနယ်နှင့် အင်တာဗျူးတွင် ကိုယ်ရေးကိုယ်တာကိစ္စများကို ကမ္ဘာသိအောင် ချပြစရာမလိုဘဲ လျှို့ဝှက်ချက်အဖြစ်ထားကြောင်း ပြောကြားခဲ့သည်ဟု ထိုင်းနယူးစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂျာနယ်နှင့် အမေးအဖြေပြုလုပ်ရာတွင် လီဆာက ဖခင်ဖြစ်သူက ကလေးဘဝကပင် ဖေဖေ့ရဲ့ စူပါစတားလေးဟုခေါ်ကြောင်း သူ၏ After Ego အယ်လ်ဘမ်တွင် ပရိသတ်မမြင်ဖူးသေးသည့် သူ့ပုံစံများကို ချပြထားရာ ကြားခံတစ်ခုဖြစ်ခဲ့ကြောင်း ပွဲဦးမထွက်မီကာလများမှာ အနာဂတ်ကို မမြင်နိုင်သည့် အချိန်ကာလ အပိုင်းအခြားဖြစ်ပြီး မှောင်မိုက်၍ကွက်လပ်ကြီးဖြစ်ခဲ့ကြောင်း ဖြေကြားထားသည်။

ဆက်လက်၍ လီဆာက အဆိုတော်အပြင် သရုပ်ဆောင်အဖြစ် The White Lotus ရိုက်ကူးရေးတွင် ပါဝင်သရုပ်ဆောင်ကူညီပေးခဲ့ကြောင်း၊ တစ်ကိုယ်တော်ဂီတပွဲတွင် တစ်ဦးတည်း တာဝန်ယူ၍ လုပ်ကိုင်ရကြောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ကမ္ဘာကသိအောင်ချပြစရာမလိုအပ်ဘဲ လျှို့ဝှက်ချက်အဖြစ်ထားကြောင်းကိုပါ အင်တာဗျူးတွင် ပြောကြားခဲ့သည်။

**(SKY)**

## အလွန်ပြင်းထန်သော ဖိအားအောက်တွင် အဆင့် (၂၁)ရေခဲကို ဖော်ထုတ်တွေ့ရှိ



ဥရောပသုတေသီများသည် အလွန်ပြင်းထန်သော ဖိအားအောက်တွင် အခန်းအပူချိန်၌ တည်ရှိနိုင်သည့် ပုံမှန်မဟုတ်သော ရေခဲအမျိုးအစားများကို စူးစမ်းလေ့လာလျက်ရှိသည်။

ရေသည် ရေမော်လီကျူးသက်သက်ဖြင့်သာ ဖွဲ့စည်းထားသော်လည်း အမျိုးမျိုးသောပုံသဏ္ဍာန်များဖြင့် တည်ရှိနိုင်သည်။ သိပ္ပံပညာရှင်များသည် ယခုအခါ မော်လီကျူး အစီအစဉ် ကိုယ်စီရှိသည့် ထူးခြားသော အစိုင်အခဲဖွဲ့စည်းပုံ(သို့မဟုတ်) အဆင့်ပေါင်း ၂၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့သည်။

ဥရောပသိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသုတေသနအဖွဲ့သည် အဆင့်(၂၁)ရေခဲကို မကြာသေးမီကထပ်မံတွေ့ရှိခဲ့ကြောင်း သဘာဝပစ္စည်းများ ဂျာနယ်တွင် ဖော်ပြထားသည်။

ထို(၂၁)ရေခဲသည် ယခုအချိန်အထိ လေ့လာတွေ့ရှိထားသည့် အခြားသော ရေခဲအမျိုးအစားများနှင့်မတူဘဲ ကွဲပြားခြားနားသည်။ ၄င်းသည် အရည်အခြေအနေရှိသည့် ရေကို လျင်မြန်သော ဖိအားပေးမှုအောက်သို့ ထည့်သွင်းလိုက်သည့်အခါ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ **(SCI)**

## Xiao Zhan က ၂၀၂၅ ခုနှစ်ကို 1970s Drama နှင့် စတင်ဖွင့်လှစ်ခဲ့

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် အလုပ်ကြိုးစားသူဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ဇာတ်ကားသုံးကားဆက်တိုက် ရိုက်မည်ဟု အင်တာဗျူးတစ်ခုတွင် ပြောထားပြီး Love Story in the 1970s ဒရာမာနှင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို မတ်လလယ်မှ ရိုက်ကူးရေးစတင်ခဲ့ပြီး ရိုက်ကူးရေးရက်တစ်ရာ ကြာမြင့်ကာ တွဲဖက်မင်းသမီး ဆန်ချီနှင့်အတူ သရုပ်ဆောင်ထားရာ ရိုက်ကူးရေးတွင် အချစ်ဆုံးသူငယ်ချင်းကိုပါ တွေ့ခဲ့ကြရ၍ ပရိသတ်ပို၍ စိတ်ဝင်စားခဲ့ကြသည်။

ရှောင်းကျန့်၏ Legerd of The Condor Heroes မှာလည်း အောင်မြင်မှုရရှိထားပြီး တတိယမြောက်ဇာတ်ကားကို ဆက်လက်ရိုက်ကူးနေသည်။

**(SKY)**



# ဘိုလီဗီးယားသမ္မတရွေးကောက်ပွဲတွင် ရိုဒရီ ဂိုပတ်စ်ပီရီရာ အနိုင်ရရှိ



**လာပတ်စ် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည့် ဘိုလီဗီးယားနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် လစ်ဘရယ်ဝါဒီဖြစ်သူ ရိုဒရီဂိုပတ်စ်ပီရီရာက အနိုင်ရရှိခဲ့ကြောင်း ဘိုလီဗီးယား ရွေးကောက်ပွဲဆိုင်ရာ ခုံရုံး၏ မဲရေတွက်မှုများအရ သိရသည်။

ရိုဒရီဂို အနိုင်ရရှိခဲ့ခြင်းသည် နိုင်ငံအတွင်း ဆယ်စုနှစ်နှစ်ခုကြာ လက်ဝဲဝါဒီများ အုပ်ချုပ်ခဲ့ခြင်းကို အဆုံးသတ်စေခဲ့ပြီး နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့ကြောင်း သိရသည်။ ရိုဒရီဂိုသည် ဆန္ဒမဲများ၏ ၅၄ ဒသမ ၅၃ ရာခိုင်နှုန်းကို ရရှိခဲ့ကာ သမ္မတဟောင်း တူတိုကွီရိုဂါက ၄၅ ဒသမ ၄၄ ရာခိုင်နှုန်း ရရှိခဲ့သည်။

**ဖြေရှင်းဆောင်ရွက်**

ရိုဒရီဂိုသည် ငါးနှစ်ကြာသက်တမ်းရှိသည့် သမ္မတရာထူးတာဝန်ကို နိုဝင်ဘာ ၈ ရက်တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

နိုင်ငံအတွင်း စီးပွားရေးကျဆင်းခြင်း၊ ဘဏ္ဍာရေးလိုငွေပြခြင်းနှင့် နိုင်ငံခြားသုံးငွေလျော့နည်းခြင်း အပါအဝင် လောင်စာဆီရှားပါးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ဂျပန်တီထွင်ဆန်းသစ်မှုပါတီ မဟာမိတ်ဖွဲ့ရေးသဘောတူ



**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ဂျပန်တီထွင်ဆန်းသစ်မှုပါတီနှင့် မဟာမိတ်ဖွဲ့ရန်သဘောတူခဲ့ကြောင်း သိရသည်။

ယခု ဆောင်ရွက်ချက်သည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ကာလရှည် မဟာမိတ်ဖြစ်ခဲ့သည့် ကူမီတိုပါတီတို့ကြား သဘောထားကွဲလွဲခြင်းများ ဖြစ်ခဲ့ပြီးနောက် ဆောင်ရွက်ခြင်း ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် တာကာချီဆာနေးနှင့် ဖုန်းဖြင့် ဆွေးနွေးခဲ့ပြီးနောက် မဟာမိတ်ဖွဲ့ရန် သဘောတူခဲ့ကြောင်း ဂျပန်တီထွင်ဆန်းသစ်မှုပါတီခေါင်းဆောင် ယိုရှီမူရာဟီရိုဖူမိက ပြောကြားသည်။ ဂျပန်နိုင်ငံဖွံ့ဖြိုးရေးအတွက် မဟာမိတ်ဖွဲ့၍ လက်တွဲဆောင်ရွက်ရန် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်နှင့် မိမိကြားသဘောတူညီခဲ့ကြောင်း ၎င်းကပြောကြားသည်။

အောက်တိုဘာ ၂၁ ရက်တွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်မည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ဒိုင်ယက်လွှတ်တော်တွင် အကြီးဆုံးပါတီဖြစ်သော်လည်း ကိုယ်စားလှယ်နေရာအများအပြားကို ရရှိထားခြင်းမရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ဟာဇရတ်ရှားဂျာလာလ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မီးလောင်မှုဖြစ်ပွား၊ ဒေါ်လာ ၁ ဘီလီယံအထိ ဆုံးရှုံးပွယ်ရှိ

**ဒက္ကာ အောက်တိုဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးဆုံးလေဆိပ်ရှိ ကုန်စည်ပို့ဆောင်ရေးဌာနတွင် ယမန်နေ့ကဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် အထည်ချုပ်တင်ပို့သူများအတွက် အမြင့်ဆုံးတင်ပို့မှုရာသီတွင် ဆိုးရွားသည့်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒက္ကာမြို့ရှိ ဟာဇရတ်ရှားဂျာလာလ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဖြစ်ပွားသည့် မီးလောင်မှုကြောင့် တင်ပို့သူများပိုင်ဆိုင်သည့် ကုန်ကြမ်းပစ္စည်းများ၊ အဝတ်အထည်များနှင့် ကုန်ပစ္စည်းနမူနာများစွာကို သိုလှောင်ထားသည့် နေရာများ လောင်ကျွမ်းပျက်စီးသွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အထည်ချုပ်ထုတ်လုပ်သူများနှင့် တင်ပို့သူများ အသင်းမှ ဒါရိုက်တာ ဖိုင်ဆယ်လ်ဆာမဒ်က ပြောကြားသည်။

ထိုမီးလောင်မှုကြောင့် ပေါ်ပေါက်ခဲ့သော ဆုံးရှုံးမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မီးသတ်သမားများနှင့် လေဆိပ်အရာရှိများက ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်နေချိန်တွင် ယမန်နေ့က ပျက်စီးသွားသည့် အဆောက်အအုံ အကြွင်းအကျန်များမှ မီးခိုးများ ဆက်လက်ထွက်ပေါ်နေခဲ့သည်။

ပျက်စီးသွားသော ကုန်ပစ္စည်းများမှာ အဝတ်အထည်များ၊ ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ပစ္စည်းနမူနာများအပါအဝင် အရေးပေါ်လေကြောင်းပို့ကုန်များဖြစ်ကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# တရုတ်နိုင်ငံ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုန်တင်လေယာဉ် ပြေးလမ်းမှချော်ထွက်ပြီး ပင်လယ်ထဲထိုးကျ

**ဟောင်ကောင် အောက်တိုဘာ ၂၀**

တရုတ်နိုင်ငံ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုန်တင်လေယာဉ်တစ်စင်း အောက်တိုဘာ ၂၀ ရက် အစောပိုင်းတွင် ပြေးလမ်းပေါ်မှချော်ထွက်ပြီး ပင်လယ်ထဲသို့ ထိုးကျသွားကာ မြေပြင် ဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စော်ဘွားလေကြောင်းလိုင်း ခရီးစဉ်အမှတ် အီးကေ ၉၇၈၈ သည် ဒူဘိုင်းမှ ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၅၀ (ဂရင်းနစ်စံတော်ချိန် ၁၉ နာရီ မိနစ် ၅၀)ခန့်တွင် ဆင်းသက်စဉ် ပြေးလမ်းမှ လမ်းချော်ထွက်ပြီး လေဆိပ်ကင်းလှည့်ယာဉ်တစ်စင်းနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်ပေါ်၌ လိုက်ပါလာသူနှစ်ဦး သေဆုံးခဲ့ပြီး လေယာဉ်ပေါ်ပါ လေယာဉ်အမှုထမ်းလေးဦးမှာမူ လေယာဉ်ပျက်ကျမှုမှ အသက်ရှင်ကျန်ရစ်ခဲ့သည်။

ယင်းဖြစ်ရပ်သည် ဟောင်ကောင်တွင် နှစ်ပေါင်းများစွာအတွင်း အသေအပျောက်အများဆုံး လေကြောင်းဆိုင်ရာ မတော်တဆမှုများထဲမှ တစ်ခုဖြစ်သည်ဟု ဆိုသည်။

လေယာဉ်ဆင်းသက်စဉ် လိုက်ခဲ့သည့် လမ်းကြောင်းနှင့်ပတ်သက်၍ မေးခွန်းများ ကျန်ရှိနေသောကြောင့် အာဏာပိုင်များက စုံစမ်းစစ်ဆေးမှု စတင်ခဲ့သည်ဟု သိရသည်။

လေဆိပ်အရာရှိများက ကုန်တင်လေယာဉ်အား မှန်ကန်သော ညွှန်ကြားချက်များ ပေးအပ်ခဲ့ပြီး ပြေးလမ်းပေါ်တွင် လေယာဉ်များ လမ်းညွှန်ရန် အမှတ်အသားများရှိကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

Mon



# ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်ရှိ လူးဗ်ပြတိုက်၌ ဓားပြတိုက်မှုဖြစ်ပွား ရှေးဟောင်းနန်းသုံး အဖိုးတန်လက်ဝတ်ရတနာအချို့ကို လုယူသွား

**ပဲရစ် အောက်တိုဘာ ၂၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်ရှိ လူးဗ်ပြတိုက်၌ ၁၉၁၁ ခုနှစ်တွင် မိုနာလီဇာပန်းချီကား ပျောက်ဆုံးခဲ့ပြီးနောက် အကြီးမားဆုံးဖြစ်သော ဓားပြတိုက်မှု ယမန်နေ့က ဖြစ်ပွားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ထိုဖြစ်ရပ်သည် ပြင်သစ်အနုပညာလက်ရာများအား ရာဇဝတ်ဂိုဏ်းများက ပိုမိုပစ်မှတ်ထားလာချိန်တွင် လုံခြုံရေးအဆင့်အတန်းများနှင့်ပတ်သက်၍ အလေးအနက် မေးခွန်းများ ပေါ်ပေါက်စေသည်ဟု ဆိုကြသည်။

တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အပိုလိုပြခန်းထဲသို့ ဖောက်ထွင်းဝင်ရောက်ခဲ့သည့် ဂိုဏ်းသည် ပညာရှင်များဖြစ်သည်မှာ ထင်ရှားသည်ဟု ပြင်သစ် ပြည်ထဲရေးဝန်ကြီးသစ် လော်ရန်နူနက်ဇ်က မှတ်ချက်ချသည်။

၎င်းတို့သည် မည်သည့်ပစ္စည်းကို လိုချင်သည်ကို သိရှိထားပြီး ကြိုတင်၍ "နေရာကို စုံစမ်းထောက်လှမ်းထားခဲ့သည်" မှာ သိသာထင်ရှားပြီး ခိုးရာပါပစ္စည်းများကို ယူဆောင်ပြီး ထွက်ပြေးရန် ခုနစ်မိနစ်ထက် ပို၍မလိုအပ်ခဲ့ကြောင်း ထိုဝန်ကြီးက ရှင်းပြသည်။

ရှေးဟောင်းပြင်သစ်နန်းသုံး အဖိုးတန်လက်ဝတ်ရတနာအချို့ကို ယင်းဓားပြများ လုယူသွားပြီးနောက် ရဲစုံထောက်များက ၎င်းတို့ကို ဖမ်းဆီးရမိရန် ကြိုးစားနေဆဲဖြစ်ကြောင်း သိရသည်။

Mon

# လူဇွန်ကျွန်းကို အပူပိုင်းမုန်တိုင်း ဖန်ရှင်း ဖြတ်ကျော်တိုက်ခတ် အနည်းဆုံး လူ ၄၇၀၀၀ ဦး ၎င်းတို့၏ နေအိမ်များကို စွန့်ခွာ

**မနီလာ အောက်တိုဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကကျွန်းဖြစ်သော လူဇွန်ကျွန်းကို အပူပိုင်းမုန်တိုင်း ဖန်ရှင်း ယမန်နေ့က ဖြတ်ကျော်တိုက်ခတ်ခဲ့ရာ ငါးဦးပါ မိသားစုဝင်အားလုံး သေဆုံးခဲ့သည်ဟု ရဲနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရာရှိများက အတည်ပြုပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

နံနက်အရုဏ်တက်ချိန်တွင် ၎င်းတို့၏ နေအိမ်ပေါ်သို့ သစ်ပင်ပြိုကျခဲ့ခြင်းကြောင့် အသက် ၂ နှစ်နှင့် ၁၁ နှစ်အရွယ် ကလေးနှစ်ဦးအပါအဝင် မိသားစုဝင်များ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ ဆွန်နီအွန်းဘာဂျီနိုက ရှင်းပြသည်။

အဆိုပါ မုန်တိုင်းသည် လူဇွန်ကျွန်း၏ အရှေ့တောင်ပိုင်းကို ညတွင်းချင်း ဖြတ်ကျော်တိုက်ခတ်နေချိန်တွင် မနီလာမြို့၏ အရှေ့တောင်ဘက် ၁၅၃ ကီလိုမီတာခန့်အကွာရှိ ပီတိုဂိုမြို့အနီး ရွာတစ်ရွာတွင် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖန်ရှင်း မုန်တိုင်းသည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၉၀ အထိ လေပြင်းတိုက်ခတ်မှုများဖြင့် မနီလာပင်လယ်အော်ပေါ်၌ ဝဲပျံနေခဲ့ပြီး မြို့တော် မနီလာ၏ မြောက်ဘက်ရှိ ပြည်နယ်များသို့ ဝင်ရောက်တိုက်ခတ်ရန် အသင့်အနေအထားတွင် ရှိနေကြောင်း နိုင်ငံပိုင် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

မိုးလေဝသဌာနက ကမ်းရိုးတန်းရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်နိုင်ကြောင်း သတိပေးထားသဖြင့် ယမန်နေ့မှစ၍ အနည်းဆုံး လူ ၄၇၀၀၀ သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာပြီး အရှေ့တောင်လူဇွန်ကျွန်းတစ်ဝန်းရှိ အစိုးရမှ သတ်မှတ်ထားသော ယာယီခိုလှုံရာနေရာများသို့ ထွက်ခွာသွားခဲ့ကြသည်ဟု ဒေသဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ အရာရှိများက ပြောကြားကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## သရက်မြို့နယ်တွင် မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

**သရက် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အနေဖြင့် ဒေသတွင်း မီးလောင်မှု အကြိမ်ရေနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန် အတွက်ရည်ရွယ်ကာ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များရှိ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သရက်မြို့နယ် ပိတောက်ပင်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးမြတ်မင်းထိုက်နှင့် တပ်ဖွဲ့ဝင်များသည် ပိတောက်ပင်ရွာအတွင်းရှိ လူနေအိမ်များ၊ စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## မိုးသည်းထန်စွာရွာသွန်း၍ ရေများဝင်ရောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်၊ သစ်ပင်လဲကျ၍ ရှင်းလင်း

**ပြင်ဦးလွင် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် အောက်တိုဘာ ၁၈ ရက် ည ၈ နာရီခွဲခန့်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်(၆) ရုံးပေါင်းစုံလမ်းတွင် သစ်ပင်လဲကျမှုဖြစ်ပွားပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည်။



ပြင်ဦးလွင်မြို့တွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီခန့်ကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်ကြီး(၇)၊ ကွက်ပြင်(၁)၊ သံလမ်းရပ်ကွက်တွင် ရေမြောင်းများပိတ်ဆို့ပြီး မြေနိမ့်ပိုင်းရှိ နေအိမ်များအတွင်း ရေဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ ရွှေဘိုမြို့သို့ မြင်းမူမြို့နယ်၊ ဝွေးပင်တောကျေးရွာနေ ဝင်းထက်ကျော်(၂၆)နှစ် မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းထက်ကျော်အား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဆက်သွယ်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်လမ်းပေါ်၌ ကမာဝက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာနေ ခိုင်မွန်(၂၆)နှစ် မောင်းနှင်လာသည့် ISUZU HILUX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ခိုင်မွန်အား ကမာဝက်နယ်မြေရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။ **(အပေါ်ပုံ)**

အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် တပ်ကုန်းမြို့နယ်၊ ညောင်လွန့်ကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တပ်ကုန်းမြို့ဘက်မှ ရမည်းသင်းမြို့ဘက်သို့ အောင်ပန်းမြို့နယ်၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဆန်းသစ်ကျော်(၃၁)နှစ်သည် NISSAN CONDOR ယာဉ်အား မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာနေ ရဲသူ(၃၁)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်သည့် ဦးကျော်ဌေး(၃၉)နှစ်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး နှစ်ဦး လိုက်ပါလာသည့် Hyundai Porter II ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးကျော်ဌေးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဆန်းသစ်ကျော်၊ ရဲသူနှင့် ၎င်း၏ယာဉ်ပေါ်တွင် လိုက်ပါလာသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သောကြောင့် ဆန်းသစ်ကျော်အား တပ်ကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိ၍ တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသား တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိခဲ့သည်။

အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-မလှိုင်ကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မိတ္ထီလာမြို့နယ်၊ အုပ်ကျင်းကျေးရွာနေ အာကာကျော်(၂၆)နှစ်မောင်းနှင်ပြီး သဲတောလေးကျေးရွာနေ ထူးနေအုပ်(၁၇)နှစ်နှင့် ထမုံကန်ကျေးရွာနေ ဖိုးသား(၁၇)နှစ်တို့ လိုက်ပါလာသည့် TOWNACE ယာဉ်သည် မိတ္ထီလာ-မလှိုင်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာနေ ဦးတင်ထွန်းအောင်(၄၅)နှစ် မောင်းနှင်လာသည့် HONDA 110 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးတင်ထွန်းအောင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အာကာကျော်၊ ထူးနေအုပ်နှင့် ဖိုးသားတို့တွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် အာကာကျော်အား မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၁)

စာရေးသူသည် စာအုပ်အကောင်းဆိုင်ဖြစ်ဖြစ်၊ အဟောင်းဆိုင်ဖြစ်ဖြစ်တွေ့လျှင် မနေနိုင်၊ ပါသည့်ငွေဖြင့် ရသလောက်ဝယ်၏။ စာကြည့်တိုက်ဆိုလျှင်လည်းသွား၍ အငမ်းမရ လေ့လာဖတ်မှတ်၏။ လောဘတကြီး စာအုပ်များ ငှားရမ်းခဲ့၏။ ဖတ်ဖြစ်တာလည်းရှိသလို မဖတ်ဖြစ်ဘဲ ပြန်အပ်ရသည်လည်း ရှိ၏။ စာရေးသူ လွန်ခဲ့သည့် ငါးနှစ်ခန့်က ဝယ်ခဲ့သည့် စာတစ်အုပ်ကား ဓမ္မဗိမာန် ဆရာတော် အရှင်သာသန အမှာစာရေးထားပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)မိတ်ဆက်လွှာရေးသားထားပါသည်။ "ဓမ္မဗိမာန် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်(ဓမ္မဗိမာန်ကျမ်းစာအုပ်–၄" ပင်ဖြစ်၏။ ဤကျမ်းစာအုပ်တွင် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်များ၊ သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်ပိုင်း၊ သုမေဓာဆုတောင်းခန်း၊ ပါရမီများ ဖြည့်ကျင့်တော်မူခန်း၊ အလောင်းတော်ပဋိသန္ဓေယူခန်း၊ အလောင်းတော်ဖွားမြင်တော်မူခန်း၊ လယ်ထွန်မင်္ဂလာပြုခန်း၊ လေးတော်တင်ခန်း၊ အလောင်းတော်တောထွက်တော်မူခန်းစသည်ဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်စံခန်းအထိ အကျယ်တဝံ့ပါရှိ၏။

စာရေးသူတို့ ဗုဒ္ဓဘာသာဝင် လူငယ်များသည် မိမိတို့ ဗုဒ္ဓဘာသာဆိုင်ရာ အသိသုတကို ဝါသနာစရိုက်အရသာအချို့ အချို့ လေ့လာမှတ်သားကြ၏။ ကျောင်းကန်ဘုရားကိုလည်း အလှူမင်္ဂလာပွဲအတွက်သာ ဧည့်သည်လိုရောက်၍ ဧည့်သည်လိုပြန်သွားကြသည်သာ များ၏။ အမျိုးသမီးဝတ်ရွတ်အသင်းများရှိကြသော်လည်း ပါဠိတော်သာ ပူဇော်ကြသည်များပြီး မိမိတို့ရွတ်ဖတ်ပူဇော်သည့် ပါဠိတော်များ၏ အဓိပ္ပာယ်ကို ခြေခြေမြစ်မြစ်သိကြသူရှား၏။ အခြားဘာသာဝင်များ၏ ကျမ်းစာ၊ ကိုရမ်ကျမ်းစာတို့အား လူငယ်များ မဖြစ်မနေလေ့လာကျက်မှတ်ကြရ၏။ ကြာသော် ဗုဒ္ဓဘာသာဝင်လူငယ်များသည် မိမိတို့ဘာသာ၏ ဘုရားရှင်အမည်၊ သိဒ္ဓတ္ထဘုရားလောင်း၏ဖြစ်စဉ်နှင့် မိဘများအမည်ကိုတောင် သိသူရှားလာတော့၏။ အကျယ်တဝံ့သိဖို့ကား ဆိုဖွယ်ရာမရှိ၊ ဝမ်းနည်းစရာပင်။

ဤဆောင်းပါးအစတွင် ဤဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျမ်းစာကို အမှာစာရေးသားပေးတော်မူသည့် အရှင်သာသန၏ ရေးသားချက်တစ်ခုကို ထုတ်နုတ်ဖော်ပြရပါလျှင်–

"ရှေးဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဝင်ကျမ်းများကို အကျဉ်းအကျယ်တစ်မျိုး၊ အလယ်အလတ်တစ်ဖုံ စုံနေအောင် ပြုစုရေးသားခဲ့ကြသော်ငြားလည်း ထိုဗုဒ္ဓဝင်စာအုပ်များကို လူတို့ဖတ်ရကောင်းသော စာအုပ်များဟူ၍ သိသည့် ဗုဒ္ဓဘာသာဝင်များကား အလွန်ရှား၏" ဟု ရေးသားထားသည်။

ဆရာတော်ကပင် ဤဗုဒ္ဓဝင်ကျမ်းစာကို ဖတ်ရှုခြင်းကြောင့် ရရှိနိုင်သော အကျိုးများမှာ ဘုရားရှင်အပေါ် ဂါရဝတရားကြီးမားခြင်း၊ ကြည်ညိုမှုသဒ္ဓါတရားကြီးမားခြင်း၊ သတိတရားကြီးမားခြင်း၊ ပညာတရားကြီးမားခြင်း၊ ကောင်းမှုကုသိုလ်များပြားခြင်း၊ များစွာနှစ်သက်ဝမ်းမြောက်ရခြင်း၊ ဘေးရန်အန္တရာယ်တို့ကို သည်းခံနိုင်ခြင်း၊ ဆင်းရဲဒုက္ခကို သည်းခံနိုင်ခြင်း၊ ဘုရားရှင်၏ ရှေ့တော်မှောက်မှာ နေရသကဲ့သို့ မှတ်ထင်ခြင်း၊ ခန္ဓာကိုယ်မှာ စေတီကဲ့သို့ ပူဇော်ထိုက်ခြင်း၊ ဘုရားဖြစ်ရန်ဆန္ဒအထိ ဖြစ်ပေါ်တတ်ခြင်း၊ အပြစ်ကျူးလွန်ဖွယ်ရာ ကြုံတောင်မှ ဘုရားရှင်ကို မျက်စိထဲမြင်၍ မကျူးလွန်တော့ခြင်း၊ နောင်တမလွန်၌ ကောင်းသောဘဝသို့ လာရောက်နိုင်ခြင်းစသည်ဟူ၍ ရေးသားဖော်ပြထားသည်မှာ ဆရာတော်က ဗုဒ္ဓဘာသာဝင်တို့ကို ဗုဒ္ဓဝင်ကျမ်းစာ၊ စာအုပ်၊ စာစောင်တွေကို ဖတ်ဖြစ်ကြစေဖို့ရန် ဆန္ဒတော်ဖြင့် ရနိုင်သည့် ပကတိအကျိုးတွေကို သိစေလိုသည့် ဆန္ဒမွန်ကို တွေ့ရသည်။

ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)က ဤကျမ်းစာ အုပ်ကို မိတ်ဆက်ထားရာတွင် "ဤစာအုပ်တွင် ၂၈ ဆူဘုရားရှင်တို့၏ ဗုဒ္ဓဝင်များကို တဝကြီးဖတ်ရှုကြ ရမည်ဖြစ်ကြောင်း၊ စာအုပ်၌ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဂေါတမဘုရားရှင်၏ ဖြစ်တော်စဉ်များကို မကျဉ်းမကျယ်၊ သိပ်သိပ်သည်းသည်း၊ အချက်အလက်အစုံစုံ၊ အကွက်စေ့စေ့ လွယ်ကူသော ဝေါဟာရအသုံးအနှုန်းများဖြင့် ရေးသားတင်ပြထားသည်ဟုလည်းကောင်း" ပါရှိသည့်အခန်းများတွင် ဗုဒ္ဓဝင်နှင့် ပတ်သက်၍ "အံ့ဩဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ၊ ကြည်ညိုသဒ္ဓါအဖြာဖြာဖြစ်ဖွယ်ရာ၊ စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ အကြောင်းအရာအဖြာဖြာတို့ကို စုံလင်စွာဖတ်ရှုကြရပြီး မိမိတို့ကိုးကွယ်သော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအပေါ်၌ ရှေးကနှင့်မတူ တစ်မူထူးခြားစွာ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု၊ ကြည်ညိုမှု၊ သဒ္ဓါတရားများ တဖွားဖွားပေါ်ပေါက်လာကြမည်ဟု ရေးသားထားသည်မှာ ကျမ်းစာကို ဆက်မဖတ်မီ အားရွှင်လန်းစွာ သဒ္ဓါပီတိဖြစ်ဖွယ်ကို တွေ့ရသည်။

ဤဆောင်းပါးတွင် စာရေးသူအနေဖြင့် ဗုဒ္ဓဘာသာလူငယ်မောင်မယ်များအပါအဝင် လူကြီးများပါ ဗုဒ္ဓဘာသာဆိုင်ရာ ဗုဒ္ဓဝင်မှတ်သားဖွယ်တို့ကို ထုတ်နုတ်ဖော်ပြပေးခြင်း၊ လက်ဆင့်ကမ်းပေးခြင်းသာ ဖြစ်ပါသည်။ ဦးစွာအနေဖြင့် သုမေဓာဆုတောင်းခန်းမှ အချက်အချို့ကို ထုတ်နုတ်ဖော်ပြရပါလျှင်–

ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ ရှုချင့်စဖွယ်၊ ပျော်မွေ့ဖွယ်ကောင်းသော "အမရဝတီ" မြို့သည် ရှိခဲ့၏။ ပစ္စည်းဥစ္စာကုဋေများစွာ ကြွယ်ဝသော သုမေဓာပုဏ္ဏားသည် ထိုအမရဝတီမြို့၌ နေသည်။ ထိုပုဏ္ဏားသည် လှပတင့်တယ်ရှုချင့်စဖွယ်ဖြစ်ခဲ့၏။ လူတကာ၏စိတ်ကို ရွှင်လန်းစေနိုင်သော ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံ၏။ ဗေဒင်ကို သရဇ္ဈာယ်တတ်၍ ဗေဒင်သုံးပုံတို့ကို ဆောင်ထားနိုင်၏။

သုမေဓာ ပုဏ္ဏားသည် ဘုရားလောင်းပီပီ အတိတ်ပါရမီကောင်းသလို သူ၏ ဘဝကျဉ်းကျပ်ဆင်းရဲမှုကို ဆင်ခြင်မိပုံမှာ–

"ဘဝသစ်ဖြစ်ရခြင်းသည် ဆင်းရဲ၏။ စုတိပြတ်ကြွေသေရခြင်းသည်လည်း ဆင်းရဲ၏။ ထိုအိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာနိဗ္ဗာန်ကို ရှာမှီးတော့အံ့။ ဘဝမှ လွတ်မြောက်ကြောင်း လမ်းစဉ်သည်မရှိဘဲ မနေရာ မုချရှိရမည်။ ထိုလွတ်မြောက်ကြောင်း လမ်းစဉ်ကို ရှာမှီးတော့အံ့။ ဆင်းရဲရှိသော် ချမ်းသာရှိသကဲ့သို့ ဘဝရှိသော ဘဝကင်းရာနိဗ္ဗာန်ရှိရာ၏။ အပူရှိသော် အအေးရှိသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ မီးသုံးမျိုးရှိသော် ထိုမီးကင်းရာ နိဗ္ဗာန်လည်း ရှိသင့်၏။

ရန်သူဝိုင်းထားခြင်းခံထားရသော ယောကျ်ားသည် ပြေးသွားစရာ လမ်းရှိပါလျက် မပြေးဘဲ နေခြင်းသည် လမ်း၏အပြစ်မဟုတ်ချေ။ ထို့အတူ ကိလေသာရန်သူ ဝိုင်းရံခြင်းခံရသူသည် အေးငြိမ်းရာ နိဗ္ဗာန်ရှိပါလျက် ထိုနိဗ္ဗာန်သို့ သွားရာလမ်းခရီးကို အသုံးမပြုခြင်းသည် နိဗ္ဗာန်သို့သွားရာ လမ်းခရီး၏ အပြစ်မဟုတ်ချေ" ဟူ၍ဖြစ်သည်။

ဤနေရာတွင် စာဖတ်သူတို့အနေဖြင့် ဗုဒ္ဓဘာသာဟူသည် လောကီ၊ လောကုတ္တရာဆိုင်ရာ မင်္ဂလာတရား ဘဝချမ်းသာမှုနည်းလမ်းများသာမက ဘဝ၏ လွတ်မြောက်မှုကိုလည်းကောင်း၊ ပရမတ်နယ်မှ ကြည့်လျှင် ဘဝဖြစ်ရခြင်း၏ ဒုက္ခကိုသိပြီး ဒုက္ခအလျှင်းကင်းရာ ဘဝ၏လွတ်မြောက်ချမ်းသာ နိဗ္ဗာန်ကိုလည်းကောင်း၊ အထင်အရှားကျင့်စဉ် ကျင့်ရပ်နှင့်တကွ ပြဆိုသည့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် ခြုံငုံပြည့်ဝစွာ ပါရှိနေသည့် ဘာသာကြီးတစ်ခုဖြစ်သည်ကို သတိချပ်သင့်ကြပါသည်။

သုမေဓာရှင်ရသေ့သည် ကုဋေအရာမက များပြားလှသော ပစ္စည်းဥစ္စာတို့ကို ပေးလှူခဲ့ပြီးလျှင် တစ်ယောက်ထီးတည်း အမရဝတီမြို့မှထွက်၍ ဟိမဝန္တာတောသို့ ဝင်ခဲ့သည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့သဖြင့် ခုနစ်ရက်အတွင်း သမာပတ်ရှစ်ပါးနှင့် တကွ အဘိညာဉ်ငါးပါးကို ရတော်မူခဲ့သည်။ သုမေဓာရှင်ရသေ့သည် သင်္ခမ်းကျောင်းမှထွက်၍ ကောင်းကင်ခရီးဖြင့် သွားလေလျှင် "ရမ္မာ" ပြည်သူ၊ ပြည်သားတို့ ဒီပင်္ကရာမြတ်စွာဘုရားကြွလာရန်ရှိ၍ လမ်းပြင်နေသည်ကို တွေ့မြင်ခဲ့ရသည်။ သုမေဓာ ရှင်ရသေ့သည် ဘုရားဟူသော အသံကိုကြားရသောအခါ နှစ်သက်ခြင်းပီတိသည် တစ်ကိုယ်လုံးပျံ့နှံ့ခဲ့ရသည်။ "ဘုရား…ဘုရား" ဟုဆိုလျက် ဝမ်းမြောက်ခြင်းသောမနဿသည် ရင်တွင်း၌ တလှိုက်လှိုက် ဖြစ်ခဲ့၏။ ထိုနေရာ၌ ရပ်လျက် "ငါလည်း ထိုဘုရားထံ၌ ကုသိုလ်မျိုးစေ့ တို့ကို စိုက်ပျိုးတော့အံ့၊ အခွင့်ကောင်းကိုယူတော့အံ့" ဟု ကြံစည်ခဲ့သည်။ ပြီးလျှင် မြေမှုန့်တို့ကို ထမ်းယူ၍ မညီမညွတ် ရွံ့ဗွက်နေရာကို ဖို့တော်မူခဲ့၏။ ဘုရားရှင်သည် ညွန့်ပြောင်း၌ ဆင်းရဲစွာ နင်းကြွ တော်မမူပါစေလင့်ဟု စဉ်းစားဆင်ခြင်ကာ ဆံကျစ် ကိုဖြည်၍ သစ်နက်လျှော်တေသင်္ကန်းကို ညွန့်ပြောင်း၌ ဖြန့်ခင်းကာ အလျားမှောက်ခဲ့လေသည်။

အဝေးမှ ဆောင်ယူလာသော လှူဖွယ်ပစ္စည်းဝတ္ထုကို ခံယူတော်မူထိုက်သော လောကသိမြင် ဒီပင်္ကရာဘုရားရှင်သည် အလောင်းတော် သုမေဓာရှင်ရသေ့၏ ဦးခေါင်းအနီး၌ မားမားမတ်မတ် ရပ်တော်မူလျက် ဤဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့၏။

"ဆံကျစ်ကိုထုံး၍ ထက်မြက်သောအကျင့်ရှိသည့် ညွန့်ပြောင်း၌ ဝမ်းလျားမှောက်နေသော ဤရသေ့ကို ရှုကြည့်ကြကုန်လော့။ ဤရသေ့သည် ဘုရားဖြစ်ရန် ဆုတောင်း၍ ညွန့်ပြောင်း၌ ဝမ်းလျားမှောက် လျောင်းလျက်ရှိ၏။ ထိုရသေ့၏ ဆုတောင်းသည် ပြည့်စုံလတ္တံ့။ ဤကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအကြာ ဘဒ္ဒကမ္ဘာ၌ တစ်လောကလုံး၏ အမြတ်ဆုံး မြတ်စွာဘုရားဖြစ်လတ္တံ့။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဆုပန်ပုံမှ အချက်တစ်ချက်မှာ "ငါသည် စွမ်းအားရှိသော ယောကျ်ားဖြစ်ပါလျက် တစ်ယောက်တည်း သံသရာကို ကူးမြောက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သဗ္ဗညုတဉာဏ်တော်ကိုရ၍ နတ်နှင့်တကွသောလောကကို ကယ်တင်တော့အံ့၊ နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ပို့ဆောင်အံ့" ဟူ၍ ဖြစ်သည်။ ဤနေရာတွင် သုမေဓာရှင်ရသေ့ ဒီပင်္ကရာဘုရားထံ ဆုပန်ရန် ကြံစည်ခြင်း၊ နှုတ်မှဖွင့်ဟဆုပန်ခဲ့ခြင်းနှင့် စပ်လျဉ်းပြီး အထင်ကရ သိမှတ်ဖွယ်အကြောင်း အရာတစ်ခုကား "ဘုရားဆုပန်မှု၌ ပြီးမြောက်စေနိုင်သော အင်္ဂါရှစ်ပါး ပြည့်စုံခဲ့ခြင်းပင် ဖြစ်သည်။ ယင်းတို့မှာ–

(၁) လူသားဖြစ်ခြင်း။
(၂) ယောကျ်ားအာဇာနည်ဖြစ်ခြင်း။
(၃) အရဟတ္တဖိုလ်ကို ရနိုင်သည့် ကုသိုလ်အဆောက်အအုံရှိပြီးဖြစ်ခြင်း။
(၄)သက်တော်ထင်ရှားဘုရားရှင်ကို ဖူးတွေ့ရခြင်း။
(၅) ရသေ့ရဟန်းဖြစ်ခြင်း။
(၆) ဈာန်အဘိညာဉ်နှင့် ပြည့်စုံခြင်း။
(၇) ဆုတောင်းခြင်း။
(၈) အလွန်ပြင်းပြသော ဆန္ဒရှိခြင်း တို့ပင် ဖြစ်သည်။

နှုတ်ဖြင့် ဘုရားဆုကိုလည်း ဖွင့်ဟ၍ ပန်ဆိုအပြီး ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော် (ရဟန္တာအရှင်မြတ်များ)ကြွသွားအပြီး သုမေဓာရှင်ရသေ့ သည် ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစဉ် တစ်သောင်းသော လောကဓာတ်ရှိ သုဒ္ဓါဝါသဗြဟ္မာကြီးတို့ လာကြကုန်ကာ ကြီးကျယ်သော ကြွေးကြော်သံကို ပြုခဲ့ကြ၏။

ဤနေရာတွင် ထူးခြားစွာ သတိပြုမှတ်သားဖွယ်မှာ ဘုရားအလောင်းများ ဗျာဒိတ်ခံယူသောအခါ ထင်ကုန်သော အတိတ်နိမိတ်တို့ပင်တည်း။ စိတ်ဝင်စားဖွယ်၊ ကြည်ညိုဖွယ်၊ ဝမ်းမြောက်ပီတိဖြစ်ဖွယ် ယင်းနိမိတ်တို့သည်ကား–

- အချမ်းသည် ကင်းပျောက်၊ အပူသည် ငြိမ်းအေးခြင်းသို့ ရောက်၏။
- လောကဓာတ်တိုက် တစ်သောင်းသည် အသံတိတ်ဆိတ်၍ အနှောင့်အယှက်ကင်းကုန်၏။
- ပြင်းထန်သော လေတို့ မတိုက်ခတ်ကုန်။
- မြစ်တို့ မစီးဆင်းဘဲ တည်ငြိမ်နေကြကုန်၏။
- ကုန်း၌ ဖြစ်သောပန်း၊ ရေ၌ ဖြစ်သော ပန်းတို့သည် ပွင့်ကြကုန်၏။
- နွယ်ပင်၊ သစ်ပင်အားလုံးတို့သည် အသီးသီးကြကုန်၏။
- ကောင်းကင်၌ တည်သော ရတနာတို့သည် အရောင်တောက်ပကြကုန်၏။
- လူ့ပြည်၊ နတ်ပြည်ရှိ တူရိယာတို့သည် မတီးခတ်ဘဲ အလိုလိုမြည်ကုန်၏။
- ဆန်းကြယ်သော ပန်းမိုးတို့သည် ရွာကုန်၏။
- မဟာသမုဒ္ဒရာသည် ဝဲလည်၏။
- တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်၏။
- တစ်သောင်းသော လောကဓာတ်ရှိ ငရဲမီးတို့သည် ငြိမ်းအေးကုန်၏။
- နေမင်းသည် အညစ်အကြေးကင်း၏။
- ကြယ်တာရာတို့သည် ပေါ်ကုန်၏။
- မြေခေါင်ခေါင်၌ မြေမှရေသည် ပန်းထွက်ကုန်၏။
- ကြယ်တာရာ နက္ခတ်အပေါင်းတို့ဖြင့် ကောင်းကင်၌ တင့်တယ်ကုန်၏။
- ဝိသာခါနက္ခတ်သည် စန်းနှင့်ယှဉ်လျက်ရှိ၏။
- တွင်းအောင်းချောက်နေသတ္တဝါတို့သည် အပြင်သို့ ထွက်ကြကုန်၏။
- သတ္တဝါတို့သည် ပျော်မွေ့ကြကုန်လျက် တင်းတိမ်ရောင့်ရဲကြကုန်၏။
- သတ္တဝါတို့၏ အနာရောဂါတို့သည် ကင်းပျောက်ကုန်၏။
- သတ္တဝါတို့အား ကြောက်လန့်ဖွယ် ဘေးတို့မဖြစ်ခဲ့။
- မြူမှုန်များ မထကြ။
- မကောင်းသော ရနံ့များ ကင်းကုန်၏။
- နတ်၌ဖြစ်သော ရနံ့များ လှိုင်နေကြ၏။
- အရူပဗြဟ္မာမှတစ်ပါး အလုံးစုံသော နတ်ဗြဟ္မာတို့ကို မြင်ကြကုန်၏။
- ငရဲအားလုံးတို့ကိုလည်း မြင်ရကုန်၏။
- နံရံ၊ တံတိုင်း၊ တံခါး၊ ကျောက်တောင်တို့သည် ဟင်းလင်းပွင့်ကုန်၏။
- ထိုခဏ၌ မွေးဖွားခြင်း၊ သေခြင်းအလျဉ်း မရှိပါ။

သုဒ္ဓါဝါသဗြဟ္မာကြီးတို့က သုမေဓာရှင်ရသေ့အား အထက်ပါနိမိတ်များအတိုင်း "ယခုလည်း ထင်ပါကုန်၏။ ထို့ကြောင့် သင်ရသေ့သည် မုချကေန်ဘုရားဖြစ်ပါလိမ့်မည်။ ရှင်ရသေ့…သင်သည် ရှေ့သို့သာတက်ပါ၊ နောက်မဆုတ်ပါနှင့်။ သင်သည် မုချကေန် ဘုရားဖြစ်ပါလိမ့်မည်။ ဤအကြောင်းကို ငါတို့သိကြပါကုန်၏" ဟု ကြီးကျယ်သော အသံကို ပြုခဲ့ကြသည်။ ဤသည်ကား သုမေဓာရှင်ရသေ့ဘုရားဆုပန်မှု၏ တစ်စိတ်တစ်ဒေသကို ထုတ်နုတ်ပြမှုပင်ဖြစ်သည်။ စာဖတ်သူတို့သည် "ဓမ္မဗိမာန် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်" ကို ဖတ်ရှုပါမူ ဘုရားရှင်တို့၏ အံ့သြဖွယ်၊ ကြည်ညိုဖွယ် ဗုဒ္ဓဝင်ဖြစ်စဉ်တို့ကို အံ့ချီးမကုန် သိကြကုန်ပါမည်။ နောက်အပိုင်း ဆောင်းပါးများတွင် ဆက်လက်၍ ထုတ်နုတ်ရေးသားဖော်ပြသွားပါမည်။ ဤစာအုပ်သည်ကား စာဖတ်သူ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့ အိမ်ဦးခန်းတွင် ထားရှိဖတ်ရှုသဒ္ဓါပွားများရမည့် စာအုပ်ဖြစ်ပါကြောင်း ဖော်ညွှန်းလိုက်ရပါသည်။

**ကျမ်းကိုး**–ဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်
(ဓမ္မဗိမာန်ကျမ်းစာအမှတ်–၄)

ရေချမ်း-မန်း

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Casper Ruud ဆွတ်ခူး

**လန်ဒန် အောက်တိုဘာ ၂၀**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နော်ဝေတင်းနစ် ကစားသမား Casper Ruud က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert ကို ၆-၂၊ ၆-၃ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ Casper Ruud က "ကျွန်တော် အခုလို 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## ဟယ်ရီကိန်း ကစားသမားဘဝ ကလပ်သွင်းဂိုး ၄၀၀ ပြည့်မြောက်

**မြူးနစ် အောက်တိုဘာ ၂၀**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကစားသမားဘဝ ကလပ်သွင်းဂိုးပေါင်း ၄၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကစားသမားဘဝတစ်လျှောက်တွင် စပါးအသင်းနှင့်အတူ ဂိုး ၂၈၀၊ အငှားသွားရောက်ကစားခဲ့သည့်အသင်းများနှင့်အတူ ၁၆ဂိုး၊ ယခု ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၁၀၄ဂိုး သွင်းယူကာ စုစုပေါင်း သွင်းဂိုး ၄၀၀ ပြည့်မြောက်လာခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "အခုလို သွင်းဂိုးပေါင်း ၄၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**




## ဖရန့်ခ်လမ်းပတ်ကို စာချုပ်သက်တမ်းတိုးရန် ကိုဗင်ထရီအသင်းစီစဉ်



**လန်ဒန် အောက်တိုဘာ ၂၀**

ကိုဗင်ထရီအသင်းသည် အသင်းနည်းပြ ဖရန့်ခ်လမ်းပတ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

ကိုဗင်ထရီအသင်းသည် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၀ပွဲကစားအပြီးတွင် ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် နည်းပြ ဖရန့်ခ်လမ်းပတ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဖရန့်ခ်လမ်းပတ်သည် ကိုဗင်ထရီအသင်းကို ၂၀၂၄ခုနှစ် နိုဝင်ဘာ ၂၈ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၅ပွဲတွင် ၂၃ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ကိုဗင်ထရီအသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ဖရန့်ခ်လမ်းပတ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ဦးပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)**

**(NGB)**

## မက်စ်ဂူဟီ ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာမည်

**လန်ဒန် အောက်တိုဘာ ၂၀**

ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မက်စ်ဂူဟီသည် အသင်းနှင့်ချုပ်သက်တမ်းတိုးမြှင့်မည်မဟုတ်ဘဲ လာမည့် ဈေးကွက်အတွင်းတွင် ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား မက်စ်ဂူဟီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၈ပွဲကစားပြီး ကိုးဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် မက်စ်ဂူဟီအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## သွင်းဂိုးပါဝင်ပတ်သက်မှု ၂၅ ဂိုးပြည့်မြောက်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မော်ဂန်ရော်ဂျာစ် မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂၀**

အက်စတွန်ဗီလာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာစ်(အသက်၂၃နှစ် ၈၅ရက်)သည် ဘန်တီကီနောက်ပိုင်း အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးပါဝင်ပတ်သက်မှု ၂၅ ဂိုး (၁၂ဂိုးသွင်း၊ ဂိုးဖန်တီးမှု ၁၃ကြိမ်) ပြည့်မြောက်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက စပါးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲ ကစားပြီး ၁၈ဂိုး သွင်းယူထားကာ ခြေစွမ်းပြနိုင်ခဲ့သည်။(NGB)



## အန်းဒရစ်ခ်ကို ခေါ်ယူရန် မာဆေးလ်အသင်းစီစဉ်



**မီလန် အောက်တိုဘာ ၂၀**

ပြင်သစ်လီဂူးကလပ် မာဆေးလ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အန်းဒရစ်ခ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ကိုယ်တိုင်ကလည်း လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

တိုက်စစ်မှူး အန်းဒရစ်ခ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ပွဲကစားကာ ခုနစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ထို့ကြောင့် မာဆေးလ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ အန်းဒရစ်ခ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁၀-၂၀၂၅ နံနက်၀၁း၄၅နာရီ | (၂၂)ဘလက်ဘန်း - ရှက်ဖီးUtd(၂၃) | ဘလက်ဘန်း ၀-၂ ရှက်ဖီးလ် Utd | ဘလက်ဘန်း(အိမ်) | ၄ | - | ၁ | ၃ | ၃ | ၇ |
| | (W,L,L,D,L) (L,W,L,L,W) | ရှက်ဖီးUtd ၁-၁ ဘလက်ဘန်း | ရှက်ဖီးလ်Utd(ဧည့်) | ၅ | ၁ | - | ၄ | ၁ | ၈ |
| " | (၂၁)ဒါဘီ - နော့ဝစ်ချ်(၂၀) | ဒါဘီ ၂-၃ နော့ဝစ်ချ် | ဒါဘီ(အိမ်) | ၅ | - | ၃ | ၂ | ၆ | ၉ |
| | (L,D,D,D,L) (L,D,L,L,L) | နော့ဝစ်ချ် ၁-၁ ဒါဘီ | နော့ဝစ်ချ်(ဧည့်) | ၅ | ၂ | ၂ | ၁ | ၇ | ၆ |
| " | (၁၀)ဟားလ်စီးတီး - လက်စတာ(၄) | ဟားလ်စီးတီး - လက်စတာ | ဟားလ်စီးတီး(အိမ်) | ၅ | ၃ | ၁ | ၁ | ၉ | ၈ |
| | (W,L,D,W,W) (D,D,D,W,D) | လက်စတာ ၀-၁ ဟားလ်စီးတီး | လက်စတာ(ဧည့်) | ၅ | ၂ | ၂ | ၁ | ၈ | ၆ |
| " | (၁၂)အစ်ဆွစ်ချ် - ချာလ်တန်(၉) | အစ်ဆွစ်ချ် ၆-၀ ချာလ်တန် | အစ်ဆွစ်ချ်(အိမ်) | ၅ | ၃ | ၂ | - | ၁၃ | ၅ |
| | (W,D,W,L,L) (W,W,D,L,W) | ချာလ်တန် ၄-၄ အစ်ဆွစ်ချ် | ချာလ်တန်(ဧည့်) | ၅ | ၁ | ၂ | ၂ | ၃ | ၆ |
| " | (၆)မီဒယ်လ်ဘရို - စတုတ်(၃) | မီဒယ်လ်ဘရို ၁-၀ စတုတ် | မီဒယ်လ်ဘရို(အိမ်) | ၅ | ၂ | - | ၃ | ၄ | ၉ |
| | (W,D,L,W,W) (L,D,D,D,W) | စတုတ် ၁-၁ မီဒယ်လ်ဘရို | စတုတ်(ဧည့်) | ၅ | ၂ | ၂ | ၁ | ၆ | ၃ |
| " | (၁၄)ပို့စ်မောက် - ကိုဗင်ထရီ(၁) | ပို့စ်မောက် ၄-၁ ကိုဗင်ထရီ | ပို့စ်မောက်(အိမ်) | ၅ | ၂ | ၁ | ၂ | ၅ | ၆ |
| | (L,L,D,W,D) (D,W,W,W,W) | ကိုဗင်ထရီ ၁-၀ ပို့စ်မောက် | ကိုဗင်ထရီ(ဧည့်) | ၅ | ၃ | ၂ | - | ၁၆ | ၅ |
| " | (၈)ပရက်စတန် - ဘာမင်ဂမ်(၁၇) | ပရက်စတန် ၂-၁ ဘာမင်ဂမ် | ပရက်စတန်(အိမ်) | ၅ | ၃ | ၂ | - | ၇ | ၃ |
| | (W,D,D,W,L) (W,L,D,D,L) | ဘာမင်ဂမ် ၁-၀ ပရက်စတန် | ဘာမင်ဂမ်(ဧည့်) | ၅ | ၁ | ၁ | ၃ | ၃ | ၈ |
| ၂၂-၁၀-၂၀၂၅ နံနက်၀၁း၃၀နာရီ | (၇)ဘရစ္စတိုး - ဆောက်သမ်တန်(၁၅) | ဘရစ္စတိုး ၃-၁ ဆောက်သမ်တန် | ဘရစ္စတိုး(အိမ်) | ၅ | ၁ | ၂ | ၂ | ၇ | ၈ |
| | (L,D,D,L,W) (L,D,W,D,D) | ဆောက်သမ်တန် ၁-၀ ဘရစ္စတိုး | ဆောက်သမ်တန်(ဧည့်) | ၅ | ၁ | ၃ | ၁ | ၇ | ၈ |

## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၃)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၁-၁၀-၂၀၂၅ အင်္ဂါနေ့ | ည ၁၁း၁၅နာရီ | (၁၆)ဘာစီလိုနာ - အိုလံပီယာကို့စ်(၂၉)<br>(စပိန်-၂) (ဂရိ-၂) | ဘာစီလိုနာ ၃-၁ အိုလံပီယာကို့စ်<br>အိုလံပီယာကို့စ် ၀-၀ ဘာစီလိုနာ |
| " | " | (၃၆)ကိုင်ရက် - ပါဖို့စ်(၃၂)<br>(ကာဇက်စတန်-၁) (ဆိုက်ပရပ်စ်-၁) | ——— |
| ၂၂-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၃၀နာရီ | (၅)အာဆင်နယ် - အက်သလက်တီကို(၁၈)<br>(အင်္ဂလန်-၁) (စပိန်-၄) | အက်သလက်တီကို ၂-၁ အာဆင်နယ်<br>(၂၆-၇-၂၀၁၈ အင်တာနေရှင်နယ် ချန်ပီယံများဖလား) |
| " | " | (၂၅)လေဗာကူဆင် - PSG(၃)<br>(ဂျာမနီ-၅) (ပြင်သစ်-၄) | လေဗာကူဆင် ၀-၄ PSG<br>PSG ၂-၁ လေဗာကူဆင် |
| " | " | (၂၀)ကိုပင်ဟေဂင် - ဒေါ့မွန်(၇)<br>(ဒိန်းမတ်-၄) (ဂျာမနီ-၄) | ကိုပင်ဟေဂင် ၁-၁ ဒေါ့မွန်<br>ဒေါ့မွန် ၃-၀ ကိုပင်ဟေဂင် |
| " | " | (၁၁)နယူးကာဆယ် - ဘင်ဖီကာ(၃၃)<br>(အင်္ဂလန်-၁၃) (ပေါ်တူဂီ-၃) | နယူးကာဆယ် ၁-၁ ဘင်ဖီကာ<br>ဘင်ဖီကာ ၃-၁ နယူးကာဆယ် |
| " | " | (၂၇)PSV - နာပိုလီ(၁၉)<br>(နယ်သာလန်-၂) (အီတလီ-၃) | PSG ၃-၀ နာပိုလီ<br>နာပိုလီ ၁-၃ PSV |
| " | " | (၂၀)ရှိုင်ရယ်ယူနီယံ - အင်တာမီလန်(၄)<br>(ဘယ်လ်ဂျီယံ-၁) (အီတလီ-၂) | ——— |
| " | " | (၂၆)ဗီလာရီးရဲလ် - မန်စီးတီး(၈)<br>(စပိန်-၃) (အင်္ဂလန်-၂) | ဗီလာရီးရဲလ် ၀-၃ မန်စီးတီး<br>မန်စီးတီး ၂-၁ ဗီလာရီးရဲလ် |

မှတ်ချက်။ ()အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင်(၃၆)သင်း၏ ချန်ပီယံလိဂ်အမှတ်ပေးလိဂ်အဆင့်များဖြစ်သည်။

## မန္တလေးငလျင်ကြီးဒဏ်ကြောင့် တောင်သမန်၊ ဦးပိန်တံတား ပျက်စီးမှုအနည်းငယ်ရှိခဲ့၍ ပြုပြင်ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးငလျင်ကြီးကြောင့် အမရပူရ တောင်သမန်၊ ဦးပိန်တံတားအလယ်ဇရပ်မှ အရှေ့ဘက်တွင် ပျက်စီးမှုအနည်းငယ်ရှိခဲ့သဖြင့် ဖြတ်သန်းသွားလာခွင့်ပိတ်ထားခဲ့ရာ ယခုအချိန်တွင် အမိကနေရာများ၌ ပြင်ဆင်ပြီးဖြစ်သော်လည်း ယိုင်နဲ့နေသော တိုင်များကို ဆက်လက်ပြင်ဆင်လျက်ရှိသည်။ **(အောက်ပုံ)**

"အုတ်တံတားရှိတဲ့နေရာရဲ့ အရှေ့ဘက်နှစ်ခန်းမှာ အောက်ကြမ်းခင်းတွေ ပြင်ဆင်ပြီးသွားပြီ။ ၅×၂ အသားတွေနဲ့ ခင်းထားတယ်။ မဟာဂန္ဓာရုံနာယကဆရာတော်က သူ့လက်သမားတွေနဲ့ ပြင်ဆင်တာပါ။ ငှက်လှေအဖွဲ့ကတော့ အသားတွေ သယ်ယူပေးတာတွေ လုပ်ပေးပါတယ်" ဟု တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌက ပြောသည်။

မဟာနာယက ဆရာတော်ကြီး၏ဦးဆောင်မှုဖြင့် လက်သမားများက ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ငှက်လှေအဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်ရှိနေသည့် တံတားအရှေ့ဘက်ခြမ်းမှ အခန်းပေါင်း ၁၂ ခန်းခန့်တွင် ယိုင်နဲ့နေသော တိုင်များရှိသဖြင့် ဆက်လက်ပြင်ဆင်လျက်ရှိသည်။

"အခုဆိုရင် တံတားပေါ်မှာ ပိတ်ထားတာမရှိတော့ဘဲ ဖြတ်သန်းလမ်းလျှောက်နိုင်ပြီဖြစ်သလို အေးအေးချမ်းချမ်းနဲ့ အပန်းဖြေနိုင်တဲ့နေရာဖြစ်တယ်။ လေညင်းခံလမ်းလျှောက်ရင်း မယ်ဇယ်လွင်ပြင်မှာ အနားယူမလား၊မြင်းလှည်းစီးမလား၊ ငှက်လှေစီးမလား၊ အလှဓာတ်ပုံရိုက်မလား လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်သမန်၊ ဦးပိန်တံတားသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လေ့ရှိပြီး အပန်းဖြေအနားယူခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်း၊ ငှက်လှေစီးခြင်းတို့ဖြင့် စည်ကားပြီး ဒေသထွက်အမှတ်တရပစ္စည်းများ ဝယ်ယူကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**



## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေး ဆက်လက်တည်ငြိမ်

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် အောက်တိုဘာ ၁၃ရက်မှ ၁၉ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အောက်တိုဘာ ၂၀ရက်မှ ၂၃ရက်အထိ ရည်ညွှန်းဈေးသည် ၆၅၈၅ ကျပ်ဖြစ်သဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တည်ငြိမ်နေသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအမိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**လယ်ဝေး အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် လယ်ဝေးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက သော်မော်ကုန်းကျေးရွာ၊ SMU ခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဒေါ်သန္တာလှိုင်လက်ထောက်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရေးခေါင်းစဉ်ဖြင့် ဟောပြောခြင်း၊ ဦးစီးအရာရှိ၊ ဒေါ်ဆွေဆွေသွယ်က အမျိုးသမီးများနှင့် ရေချိုသယံဇာတထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ဟောပြောခြင်းနှင့် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ကျေးရွာစိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ခေတ်မီစံပြကျေးရွာများတွင် အမှိုက်ကင်းစင်ရေးတို့အတွက် ရည်ရွယ်၍ လူထုလှုပ်ရှားမှုအနေဖြင့် သော်မော်ကုန်းခေတ်မီစံပြကျေးရွာရှိ ရွာလမ်းများနှင့် ဘောလုံးကွင်းအတွင်း စုပေါင်းအမှိုက်ကောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဝေဟင်မှ ရှုခင်းများကြည့်ရန် Balloon များ စတင်ပျံသန်း

**ညောင်ဦး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကြည့်ရှုရန်အတွက် ရွှေလေတံခွန် (နီညိုရောင်) မီးပုံးပျံခတ်ငွေ့ Balloon အဖွဲ့မှ အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီ၁၀မိနစ်က ပုဂံမြို့သစ် ဟိုတယ်ဇုန်(၄)မှ စတင်၍ ဆောင်းရာသီ Balloon ပျံသန်းခြင်းများ စတင်ခဲ့ကြောင်း ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်ထံမှ သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအား ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် Balloon စတင်ပျံသန်းခြင်းကို ရွှေလေတံခွန်(နီညိုရောင်)မီးပုံးပျံခတ်ငွေ့ Balloon အဖွဲ့မှ ပိုင်းလော့ Mr.-Gavm မောင်းနှင်သော XY-AKY နံပါတ်ပါ Balloon သည် ခရီးသည် ၁၄ ဦး လိုက်ပါစီးနင်းခဲ့ပြီး နံနက် ၇ နာရီ ၁၅ မိနစ်က သူငွေးကန်ကျေးရွာအနောက်ဘက်တွင် ဆင်းသက်ခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဧရာဝတီမြစ် အလှရှုခင်းများ၊ ထန်းပင်ထန်းတောများ၊ ရှေးဟောင်း အဆောက်အအုံများအား ပြည်ပခရီးသွားဧည့်သည်များကို ဝေဟင်မှ ကြည့်ရှုရန် စီးနင်းလိုက်ပါသူများပြားကြောင်းနှင့် ယခုနှစ် Balloon ပျံသန်းမှု ရာသီ စတင်ပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

## ဆောင်းရာသီ စိုက်ပျိုးစရိတ် ငွေကျပ် ၁၀၃၇ သိန်း ထုတ်ချေးပေးရန် လျာထား



**မြစ်ကြီးနား အောက်တိုဘာ ၂၀**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် ဘဏ်ခွဲအနေဖြင့် ၂၀၂၅ ဆောင်းရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၁၆ရက် မွန်းလွဲပိုင်းမှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ မြစ်ကြီးနားဘဏ်ခွဲအနေဖြင့် ချေးငွေ စတင်ထုတ်ချေးပေးသည့် ပထမနေ့တွင် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နှင့် ရှဒေါင်ကျေးရွာတို့မှ တောင်သူများ၏စိုက်ဧက ၃၀ အတွက် တစ် ဧက တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးလျက်ရှိပြီး ဘဏ်ခွဲအနေဖြင့် ယခုနှစ်ဆောင်းရာသီတွင် တောင်သူများ၏ လယ်သီးထပ်အဖြစ် ဆီထွက်သီးနှံ ဆီမုန်ညှင်း၊ ပြောင်း စသည့် ဆောင်းသီးနှံစိုက်ပျိုးကြမည့် မြစ်ကြီးနားမြို့နယ် အကျဲ၊ ပမ္မတီး၊ ရှဒေါင်၊ တပ်ကုန်းရပ်ကွက်၊ ကျေးရွာများမှ တောင်သူ ၂၉ ဦးတို့၏ စိုက်ဧကပေါင်း ၂၀၂ ဧကအတွက်လည်းကောင်း၊ ဝိုင်းမော်မြို့နယ် ခတ်ချို၊ နောင်ဟီးကျေးရွာများမှ တောင်သူ ၁၁၃ ဦး၏ စိုက်ဧကပေါင်း ၈၃၅ ဧကအတွက်လည်းကောင်း စုစုပေါင်းတောင်သူ ၁၄၂ ဦးတို့၏ စိုက်ဧကပေါင်း ၁၀၃၇ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၁၀၃၇ ထုတ်ချေးပေးသွားရန် လျာထားကြောင်း မြစ်ကြီးနားခရိုင်ဘဏ်ခွဲမှ သိရသည်။

ထို့ပြင် ခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအိုနှင့် နောင်မွန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၃၅)အုပ်စု၊ တောင်သူပေါင်း ၁၂၁၄ ဦးတို့၏ မိုးစပါးစိုက်ဧက ပေါင်း ၄၀၇၉ ဧကအတွက် ငွေကျပ် သိန်းပေါင်း ၆၁၁,၈၅၀,၀၀၀ ထုတ်ချေးပေးထားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရှာင် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းအခြေပြု DT (ဆုံဆို့မေးခိုင်ကာကွယ်ဆေး)နှင့် HPV(သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး) ထိုးနှံခြင်းကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ရွေး) တွင် ဆောင်ရွက်ပေးခဲ့ရာ KG ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦးကိုDT(ဆုံဆို့မေးခိုင်ကာကွယ်ဆေး)ထိုးနှံပေးခဲ့ပြီး အသက် ကိုးနှစ်မှ ၁၀ နှစ်အတွင်း ကျောင်းသူ ၈၁ ဦးကို HPV(သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး)ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(၃၃၈)**

*-*-*-*-*-*



## မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများ (MEVM) မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ကြည့်ရှုအားပေး၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မြို့သစ် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသို့ရောက်ရှိရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒေသခံပြည်သူများအား(MEVM) မဲပေးစက်နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ကြည့်ရှုအားပေးပြီး ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် ဒေသခံတောင်သူများနှင့်တွေ့ဆုံခဲ့သည်။

ထို့နောက် မြေပြင်သာကျေးရွာရှိ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းခန်းမ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများသီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း၊ မိမိတို့၏ လယ်ယာမြေများတွင် သီးနှံများကို တစ်သီးမှနှစ်သီး၊ နှစ်သီးမှသုံးသီး စိုက်ပျိုးကြရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် မြေဆီမြေဩဇာအချိုးကျမှန်ကန်စွာဖြင့် စိုက်ပျိုးကြမှသာ သီးနှံများ အထွက်နှုန်းကောင်းမွန်ပြီး ယန်းတိုင်အထွက်နှုန်းရရှိကာ စျေးကောင်းရရှိနိုင်မှာဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများက ပညာရေးကဏ္ဍ၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍနှင့် အခြားလိုအပ်ချက်များတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား Royal D အားဖြည့်အချိုရည်များ ပေးဝေပြီး အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းမှ နိုင်ငံရေးပါတီများ တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းမှ နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယမန်နေ့ နံနက်၁၀နာရီက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအစည်းဝေးခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၂) ဦးနန္ဒ၊ အဖွဲ့ဝင်(၃) ဦးကျော်ကျော်ထိုက်နှင့် မြို့နယ်အတွင်းရှိ ပါတီများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ကျားဖြူပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်အင်အားစုလေဘာပါတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးနန္ဒက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းနှင့် မဲပေးစက်နှင့် မဲပေးခြင်းအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်ကျော်ထိုက်က မဲစာရင်းများမှန်ကန်မှုရှိစေရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို အသီးသီးဆွေးနွေးကြရာ ဆွေးနွေးမှုများအပေါ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ဖြေကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၁)

## ပရိယတ္တိသာသနဟိတအသင်း (၅၁)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်း (၅၁)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် အသင်းအမှုဆောင်ကြီးများအား သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါအသင်းအစည်းအဝေးခန်းမတွင် ကျင်းပရာ ကန်တော့ခံအသင်းအမှုဆောင်ကြီးများ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကန်တော့ခံအသင်းအမှုဆောင်ကြီးများအား အသင်းဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်ကြရာ ကန်တော့ခံအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ဆုပေးစကားပြောကြားသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် သာမဏေစာအောင် ဆုပဒေသာပင်အတွက် အလှူငွေများလှူဒါန်းပြီး ပူဇော်ပွဲသို့ တက်ရောက်လာသော ပရိသတ်များအား ဆီချက်၊ ဆန်ပြားခေါက်ဆွဲတို့ဖြင့် ဧည့်ခံကျွေးမွေးကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး Public Relations (PR) သင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး အောက်တိုဘာ ၂၀**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး Public Relations (PR)သင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ပြည်သူ့ဆက်ဆံရေး၏ အဓိပ္ပာယ်၊ ပညာရှင်များ၏ ပြည်သူ့ဆက်ဆံရေးအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပြည်သူဆက်ဆံရေး၏ သဘောသဘာဝ၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများတွင် အကျုံးဝင်သည့်လုပ်ငန်းများ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတွင် သတိပြုရမည့်အချက်များ၊ ပြည်သူ့ဆက်ဆံရေးမှူး၏ တာဝန်များ၊ ပြည်သူဆက်ဆံရေးမှူးတစ်ဦး၏ အရည်အချင်းများ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သည့် နည်းလမ်းများကို သင်ကြားပို့ချပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုနှင့် ထိတွေ့ရသည့် ဝန်ထမ်းများအား Public Relations (PR) သင်တန်းကိုဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး သင်တန်းသို့ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင် (မိသနိုးမြေ)**

## မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဈေးကော်မတီဝင်များပူးပေါင်း၍ မြို့မဈေးအတွင်း ဈေးရောင်းချနေသည့် ဈေးဆိုင်များတွင်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားမှုရှိ၊ မရှိကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် မီးဘေးလုံခြုံရေးကိုအထူးဂရုစိုက်ရန် လိုအပ်ကြောင်း၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန် လိုအပ်ကြောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လိုအပ်ကြောင်း စသည်ဖြင့် အသိပေးပြောကြားခဲ့သည်။

ထို့နောက်အဆိုပါအဖွဲ့သည် မြို့မဈေးအတွင်းနှင့် အပြင်ရှိ ရောင်းချနေသည့် ကုန်စုံဆိုင်များ၊ အထည်ဆိုင်များ၊ ရွှေဆိုင်များတွင် အရေးပေါ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိမှုရှိ၊ မရှိ၊ အရေးပေါ်မီးသတ်စက်ကောင်း၊ မကောင်း၊ အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် ရေကန်များတွင် ရေဖြည့်တင်းထားမှုရှိ၊ မရှိ၊ မီးသုံးစွဲသည့် ဝါယာကြိုးသွယ်တန်းမှု ကောင်း၊ မကောင်းနှင့် မီးခလုတ်များတပ်ဆင်အသုံးပြုခြင်း စနစ်ကျမှုရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မန္တလေးတောင်ခြေက သုဓမ္မာဇရပ်များ

ခိုင်ဆက်ဝေ



သုဓမ္မာဇရပ်၊ မန္တလေး (၁၉ဝ၃)

**မန္တလေးနန်းတော်ကျုံးမြို့ရိုး အရှေ့မြောက်ဘက်၊ ၁၂ လမ်းဘေး၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရားအနီးတွင် လူတစ်ဖက်စာ ကျွန်းတိုင်လုံးကြီးများဖြင့် ခန့်ထည်လှပသော မြန်မာမှုလက်ရာများနှင့်အတူ သစ်စေးကြေးနီရောင်ရှိ ဇရပ်ကြီးများ(သို့မဟုတ်)သုဓမ္မာဇရပ်တန်းများကို တွေ့မြင်နိုင်ပြီး အိုမင်းမစွမ်း သက်တမ်းရာကျော်ရှိပြီဖြစ်သည်။ အစဉ်အဆက် ထိန်းသိမ်းမှုများကြောင့် အခိုင်အခံ့ ရှင်သန်တည်ရှိနေပါ၏။**

သတ္တဌာနတွင် နန်းမြို့တော်၊ ကျုံး၊ ကုသိုလ်တော်ဘုရား၊ အတုမရှိကျောင်းတော်၊ ပိဋကတ်တိုက်၊ သိမ်တော်၊ သုဓမ္မာဇရပ်တို့ ပါဝင်ပြီး ရွှေမြို့တော်ကြီးနှင့်အတူ ထိုခုနစ်ဌာနကို အမြောက်သံကြားအခါတော်နှင့် တစ်ပြိုင်တည်း အုတ်စီခင်း ဆောက်လုပ်ပြီးလျှင် မြို့တံခါး ၁၂ ရပ် ၊ ယွန်းဆက်ပြေတန်ဆောင်းပြာသာဒ်တိုင်များ စိုက်ထူသည်။ မြို့နန်းတည် သတ္တဌာနဝင် အဆောက်အအုံများနှင့် ပတ်သက်၍ ရွှေကိုယ်တော်ကြီး မင်္ဂလာဇချင်းတွင် "မြို့၊ ကျုံး၊ စေတီ၊ သိင်္ဂီလုံမောင်း၊ သိမ်ကျောင်း၊ သုဓမ္မာ၊ ရွှေစာအမြတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမှန်၊ ခုနစ်ဌာန်ကို၊ ဆော်ဖန်အောင်စည်၊ တစ်ပြိုင်တည်းက" ဟု ရေးစပ်ထားသည်။

**ရတနာပုံခေတ် သုဓမ္မာဇရပ်**

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ(မန္တလေးမြို့)တည်စဉ်က တည်ဆောက်ခဲ့သော သတ္တဌာနဝင် သုဓမ္မာဇရပ်တော်ကြီးရှိခဲ့ပြီး ယင်းနောက်ပိုင်း ငါးနှစ်အကြာ (မြန်မာနှစ် ၁၂၂၆ ခုနှစ်)တွင် မင်း၊ မိဖုရား ကုသိုလ်ပွားစေရန်အလို့ငှာ သုဓမ္မာဇရပ်တန်း(သုဓမ္မာဇရပ် ၃၃ ဆောင်) ဆောက်လုပ်စေခဲ့ရာ ယနေ့တွင် ဇရပ်ပေါင်း ၁၉ ခုသာ ကျန်ရှိသည်။

သုဓမ္မာဇရပ် ၃၃ ဆောင်တည်ရှိရာမှာ တည်ဆောက်မှု ပန္နက်ပုံများအရ ကျောက်တော်ကြီးဘုရား တောင်ဘက်၊ ၁၂ လမ်းကျုံးဘေးတွင် အရှေ့အနောက်စီတန်းလျက် ဇရပ်ဆောင် ၁၅ ဆောင်၊ ကျောက်တော်ကြီးဘုရား အနောက်ဘက်တွင် တောင်မြောက်တန်းလျက် ကိုးဆောင်၊ ၄င်းနှင့်မျက်နှာချင်းဆိုင် စံကျောင်းအရှေ့ဘက်လမ်းဘေးတွင် ကိုးဆောင်၊ စုစုပေါင်း (၃၃)ဆောင်ဖြစ်သည်။ မျက်မှောက်အချိန်တွင် ၁၉ ခုသာ ကျန်ရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)က ထိန်းသိမ်းမှုများ ဆောင်ရွက်နေပါသည်။

မင်းတုန်းမင်းကြီးသည် တိုင်းသားပြည်သူအကျိုးဆောင်ရွက်သူ၊ မြတ်ဗုဒ္ဓအား လေးနက်သောယုံကြည်သူ ဖြစ်သည့်အလျောက် သာသနာတော်တည်တံ့ပြန့်ပွားရေးတွင် ထူးခြားစွာ စွမ်းဆောင်သူ သာသနာပြု မင်းတစ်ပါးဖြစ်သည်။ အကောင်းဆုံးသက်သေမှာ ပဥ္စမသင်္ဂါယနာတင်နိုင်ခဲ့ခြင်းဖြစ်၍ မန္တလေးတောင်ခြေက ပရိယတ္တိစာပြန်ပွဲများ နှစ်စဉ်ကျင်းပသည့် သုဓမ္မာဇရပ်များက အကောင်းဆုံး သက်သေတစ်ခုဟု ဆိုနိုင်သည်။

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်များကို ရည်ရွယ်ချက်များစွာဖြင့် တည်ဆောက်ခဲ့သည်။ စာပြန်ပွဲများ ကျင်းပသည်။ တရားဆွေးနွေးရာ၊ ဥပုသ်သီသတင်းသီလဆောက်တည်ရာလည်း ဖြစ်သည်။ ခရီးသွားများ နားနေရန် အဆောက်အအုံလည်း ဖြစ်ခဲ့သည်။ ရှေးက မန္တလေးတောင်သို့ ဥပုသ်သီတင်းသီလ ဆောက်တည်ရန် လာရောက်သူများ၊ ထိုအချိန်က သွားလာရေးမှာ လှည်းခေတ်ဖြစ်၍ ဘုရားဖူးခရီးသွားများ ထမင်းထုပ်များ ဖြည့်ချစားသောက်ရာ၊ လှည်းများ ရပ်နားရာ ဖြစ်ခဲ့သည်။

မင်းတုန်းမင်းကြီး၏ သုဓမ္မာဇရပ်များက မန္တလေးမြို့ရှိ လေးပြင်လေးရပ်တွင် ရပ်ကွက်အလိုက် ဓမ္မာရုံများ ပေါ်ပေါက်စေခဲ့ပြီး ဝါတွင်းကာလ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ရာဖြစ်သည်။ ရပ်ကွက်အလိုက် ဘုရားပွဲတော်များ ကျင်းပလေ့ရှိသည့် ဘာသာဓလေ့ကို တည်ရှိစေခဲ့သည်။ သာရေး၊ နာရေးလုပ်ငန်းများ အခြေပြုရာလည်း ဖြစ်လာသည်။ ပွဲတော်တစ်ခုကျင်းပသည်နှင့် အတီးအမှုတ် အကအခုန်များဖြင့် ပါလေ့ရှိသော မြန်မာတို့၏ရိုးရာကြောင့် ရပ်ကွက်အလိုက် ကျင်းပသည့် ဘုရားပွဲတော်များက အငြိမ့်၊ ဇာတ်သဘင် အနုပညာရှင်များနှင့် ပွဲဈေးသည်များအတွက် စားဝတ်နေရေး အဆင်ပြေကြလေသည်။

**တည်ဆောက်မှု**

ရတနာပုံ(မန္တလေး)မြို့ကို မြန်မာနှစ် ၁၂၂၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ညဥ့် သုံးချက်တီးကျော်၊ တနင်္လာနေ့သို့ အဝင် ၄ နာရီ၊ ၂ ပါဒ်၊ ၂ ဗီဇနာ အချိန်တွင် ရွှေမြို့တော်ကြီးနှင့်တကွ သတ္တဌာနကို အမြောက်သံကြားအခါတော်နှင့်တစ်ပြိုင်နက် အုတ်စီခင်းလုပ်ဆောင်ပြီးလျှင် မြို့တံခါး ၁၂ ရပ်၊ ယွန်းဆက်ပြေတန်ဆောင်းပြာသာဒ်တိုင်များ စိုက်ထူသည်ဟု ရှေးဟောင်းသုတေသနစာတမ်းတွင် တွေ့ရသည်။

သုဓမ္မာဆိုသည်မှာ (သု=ကောင်းသော၊ ဓမ္မ=တရား)ဟု အဓိပ္ပာယ်ဖြစ်သည်။ သုဓမ္မာဇရပ်ကျောက်စာအရ တာဝတိံသာ မဟာသုဒဿနမြို့အတွင်း သိကြားနတ်မင်းနှင့်တကွ များစွာသော နတ်အပေါင်းတို့ ကောင်းချီးမင်္ဂလာ စည်းဝေးစုရုံးရာ သုဓမ္မာတရား သဘင်ကဲ့သို့ ရည်ညွှန်း၍ တရားသဘင်များကျင်းပရန် သုဓမ္မာဇရပ်တော် ဆောက်လုပ်ကြောင်း ဖော်ပြထားပါသည်။ ဒုတိယကမ္ဘာစစ်တွင် သုဓမ္မာဇရပ်တော်နှင့် သိမ်တော်မှာ ဗုံးဒဏ်သင့်၍ ပျက်စီးခဲ့သည်။ လက်ရှိတွင် "သုဓမ္မာဇရပ်ကျောက်စာ" သာကျန်ရှိပြီး ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**စာပြန်ပွဲများ ကျင်းပ**

သုဓမ္မာဇရပ်များတွင် ပရိယတ္တိစာပြန်ပွဲများကျင်းပသည့်အခါ စာဖြေဌာန၊ စာပြန်ရာဌာနအဖြစ် အသုံးပြုလေသည်။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာသုံးရပ်တွင် ပဋိယတ္တိက အခြေခံအုတ်မြစ်ဖြစ်သည်နှင့်အညီ နှစ်စဉ် နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်၊ တစ်လကြာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာပြန်ပွဲ (တစ်နည်းအားဖြင့်) ပရိယတ္တိစာပြန်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ သို့ဖြစ်၍ "နယုန်လ စာပြန်ပွဲ" ဟု ဆိုရပေမည်။

"သုဓမ္မာဇရပ်တစ်ဆောင်ကို မှူးတော်၊ မတ်တော် တစ်ဦးချင်းက ကြီးကြပ်တည်ဆောက်စေခဲ့ရာမှာ ၁၀ ဦးစာရင်းကို မှတ်တမ်းမှာ တွေ့ရပြီး ကျန်တဲ့သူတွေကို သမိုင်းမှတ်တမ်းတွေမှာ ရှာလို့မတွေ့သေးဘူး။ ဒီဇရပ်တွေမှာ စာပြန်ပွဲတွေ ကျင်းပခဲ့တယ်။ ဗြိတိသျှလက်ထက်မှာ လမ်းဖောက်တော့ မလွတ်ဘူးဆိုပြီး ဇရပ် ခုနစ်ဆောင် ဖျက်ခံခဲ့ရသလို ခရစ်နှစ် ၁၈၈၉ မှာ မီးလောင်ပျက်စီးခဲ့တာက နှစ်ဆောင်ဆိုတော့ မူလ ၃၃ ဆောင်ကနေ လျော့သွားတယ်။ ရသေ့ကြီး ဦးခန္တီကလည်း ပြင်ဆင်မှုတွေ လုပ်ခဲ့တယ်" ဟု ရှေးဟောင်းသုသေနပညာရှင်တစ်ဦးက ပြောသည်။

သုဓမ္မာဇရပ်များကို မြန်မာနှစ် ၁၂၂၆ ခုနှစ်၊ တော်သလင်းလတွင် မင်းတုန်းမင်းက ငွေတော်များထုတ်ပေး၍ သူ၏ မှူးတော်၊ မတ်တော်တစ်ဦးလျှင် တစ်ဆောင်စီ ကြီးကြပ်ဆောက်လုပ်စေခဲ့သည်။ အုတ်ပလ္လင်ခံ၊ အမိုး ဘုံနှစ်ဆင့်၊ လည်ပေါ် ယွန်းဆက်နှင့် ဇရပ်များဖြစ်သည်။ ဝက်မစွတ်ဝန်ထောက်မင်း ဦးလတ်၏ မြန်မာနှစ် ၁၂၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်နေ့စွဲဖြင့် မှတ်တမ်းတင်ထားချက်အရ သုဓမ္မာဇရပ်ဆောင် ၃၃ ဆောင်တွင် ကြီးကြပ်တည်ဆောက်သူ ၁၀ ဦးသာပါဝင်ပြီး ကျန်ဇရပ်ဆောင်များကို ကြီးကြပ်တည်ဆောက်သူ မည်သူဖြစ်ကြောင်း မသိရသေးပါချေ။

ရတနာပုံခေတ်တွင် သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာဆရာတော်တို့က သာသနာရေးနှင့်ဆိုင်သော တရားသဘင်များ ပြုလုပ်ခြင်း၊ တစ်လကြာ ပရိယတ္တိစာမေးပွဲများ ဖြေဆိုစေပြီး တစ်နှစ်လျှင် တစ်ကြိမ် သာသနာ့အာဇာနည်များ မွေးထုတ်ခြင်း၊ သီတင်းနေ့တိုင်းတွင် သာသနာရေးကိစ္စများ တိုင်ပင်စီရင်တော်မူခြင်းတို့ကို ဆောင်ရွက်ရာ ဘူမိနက်သံမှာ သုဓမ္မာဇရပ်တော်နှင့် သုဓမ္မာဇရပ်တန်း ဖြစ်လေသည်။

သုဓမ္မာဇရပ်များ ကြီးကြပ်တည်ဆောက်ခဲ့သူများအနက် ၁၀ ဦးမှာ (၁) မြတောင်မြို့စား၊ သေနတ်ဝန်ကြီး၊ သတိုးမင်းကြီး၊ မဟာမင်းလှကျော်သူဘွဲ့ခံ ပန်းပဲမင်းကြီး ဦးမှို၊ (၂) ရှေ့တော်ဝင်းမှူးကိုးခရိုင်အုပ် သူရဲဝန် အမြင့် မြို့စား သတိုးမင်းကြီး ဟာသမိန်ဗဖြတ်စဘွဲ့ခံ ရှေ့တော်ဝန်မှူး ဦးရွှေလုံး၊ (၃) မဟာမင်းလှရာဇာဘွဲ့ခံ ကင်းဝန် ဦးမာလိန်၊ (၄) မိုင်းကိုင်အတွင်းဝန် ခင်မ မင်းဝံ ဦးယံ၊ (၅) တောင်ထားဝယ်ဗိုလ် ဦးရွှေတိုး၊ (၆) မြေဒူးမြို့စား မင်းကြီး မဟာမင်းလှခေါင်ဘွဲ့ခံ လက်ဝဲဝင်းတော်မှူး ဗိုလ်လှိုင်၊ (၇) မြို့သာမြို့စား ရွှေမြို့တော်ဝန် မင်းကြီး သီရိမဟာမင်းလှမင်းခေါင်သူရိန်ဘွဲ့ခံ ရွှေမြို့တော်ဝန် ဦးသာအိုး၊ (၈) လယ်ဝန်သံတော်ဆင့် မဟာမင်းလှ စည်သူဘွဲ့ခံ လယ်ဝန်မင်း ဦးစီ၊ (၉) မြို့သစ်မြို့စား ဝန်ထောက်မင်းကြီး မဟာဘွဲ့ခံ ဗိုလ်မှူးဝန်ထောက် ဦးအောင်တိုး၊ (၁၀) မိုးနဲစစ်ကဲ မြေဒူးမြို့စား သတိုးမင်းကြီး မင်းကျော်မင်းခေါင်ဘွဲ့ခံ ဦးမငတို့ ဖြစ်ကြောင်း သိရသည်။

**အမရပူရမှ သုဓမ္မာဇရပ်**

မင်းတုန်းမင်းကြီး အမရပူရမြို့ နန်းစံစဉ်ကလည်း အမရပူရတွင် သုဓမ္မာဇရပ်တော်ဆောက်လုပ်ခဲ့ကြောင်း ရေးထိုးထားသည့် ကျောက်စာကို နန်းမြို့အနောက်မြောက်ထောင့်၊ ဆင်ကြို့ရွှေဂူအနီး စိုက်ထူခဲ့သည်။ ကျောက်စာအရ ထိုသုဓမ္မာအုတ်ဇရပ်တော်မှာ မြန်မာမှုအနုပညာများဖြင့် အဆန်းတကြယ် တည်ဆောက်ကြောင်း၊ အတိုင်းအတာမှာ အလျား ၄၂ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၃၄ ပေ ဖြစ်ပြီး ငွေဖြူ အသပြာ တစ်သောင်းသုံးထောင်ကျော်ဖြစ်၍ မြေဒူးမြို့စား လက်ဝဲဝင်းတော်မှူး မင်းကြီးမဟာမင်းခေါင်က ကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ထိုဇရပ်တော်တွင် မြန်မာနှစ် ၁၂၁၆ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်တွင် သာသနာပိုင်ဆရာတော်နှင့်တကွ သံဃာတော် ၄၂ ပါးတို့အား သာသနာတံဆိပ်တော်များ ဆက်ကပ်ပွဲနှင့်အတူ ခမ်းနားကြီးကျယ်စွာ အလှူပွဲကျင်းပခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ "ရတနာပုံမြို့တော်က သုဓမ္မာဇရပ်တော်နှင့် ဇရပ်တန်း" သုတေသနစာတမ်းတွင် ပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်။)

## မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပျောက်ကွယ်မှုမရှိစေရေး ယွန်းလုပ်ငန်းရှင်များ ထိန်းသိမ်းထားရှိ

**ညောင်ဦး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့ရှိ မြင်းမြီးဖြင့်ပြုလုပ်သည့်(ရက်လုပ်)ယွန်းထည်လုပ်ငန်း တိမ်ကောပျောက်ကွယ်မှုမရှိစေရန် အတွက် ပုဂံမြို့ ယွန်းလုပ်ငန်းရှင်များက ထိန်းသိမ်းထားရှိလုပ်ကိုင်လျက်ရှိကြောင်း ဦးဘငြိမ်း ယွန်းထည်လုပ်ငန်း၏ စတုတ္ထမျိုးဆက် ဆက်ခံသူ ဦးအောင်ကျော်ထွန်းထံမှ သိရသည်။ **(ယာပုံ)**



ယွန်းထည်လုပ်ငန်းသည် ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင် ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အစဉ်အဆက် လုပ်ကိုင်လာခဲ့ကြောင်း၊ ဝါးနှီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းက စိုးရိမ်စရာမရှိသော်လည်း ဝါးနှီးဖြာကြား မြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ သုံးဦး၊ လေးဦးသာ ကျန်ရှိတော့ကြောင်း၊ မြင်းမြီးဈေးနှုန်း ကြီးမြင့်လာခြင်း၊ ယွန်းထည်ရောင်းချမှု မတွင်ကျယ်ခြင်းနှင့် ယွန်းထည်ရက်လုပ်ရာတွင် လက်ဝင်ခြင်းများကြောင့် မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး လုံးဝပျောက်ကွယ်သွားနိုင်သည့် အခြေအနေဖြစ်လာကြောင်း ပြောသည်။

ယခင်က ညောင်ဦးမြို့၊ ပုဂံမြို့၊ မင်းနန္ဒသူကျေးရွာ၊ အရှေ့ဖွားစေကျေးရွာ၊ အနောက်ဖွားစေကျေးရွာ၊ မြင်းကပါကျေးရွာတို့တွင် မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ်ရှိခဲ့ရာမှ ယခုအခါ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ သုံးလေးဦးသာ ကျန်တော့ကြောင်း သိရသည်။ ယွန်းထည် ပြုလုပ်ရာတွင် တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည်ဟု သုံးမျိုးရှိကြောင်း၊ မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်သည် လုပ်ရကိုင်ရ လက်ဝင်ကြောင်း၊ ပါးလွှာသည့် ဝါးနှီးဖြာလေးများကြားတွင် မြင်းမြီးတစ်ချောင်းစီထည့်ကာ အသေးစိတ် ရက်လုပ်ရကြောင်း၊ လေးလက်မခွက် တစ်လုံး ရက်လုပ်လျှင်ပင် အချိန်တစ်နာရီခွဲခန့်ကြာမြင့်ကြောင်း၊ အဝိုင်းပုံ၊ အလုံးပုံယွန်းထည်များကို မြင်းမြီးဖြင့်ရက်လုပ်ပြီး ထောင့်ချိုး၊ ထောင့်ကွေး ယွန်းထည်များကို မြင်းမြီးသုံး၍ မရက်လုပ်ကြောင်း၊ မြင်းမြီးနှင့်ရက်လုပ်သည့် ယွန်းထည်ပစ္စည်းများသည် ပျော့ပျောင်းကာ အရည်အသွေးအလွန်ကောင်းမွန်ကြောင်း သိရသည်။

လက်ရှိတွင် မြင်းမြီးတစ်ပိဿာ ငွေကျပ် ၇၀၀၀၀ ပေးဝယ်ရပြီး ရက်လုပ်ရာတွင် ခက်ခဲသောကြောင့် မြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်း ပျောက်ကွယ်မသွားရန် ယွန်းလုပ်ငန်းရှင်များ ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **(၄၈၁)**

## မိုးကောင်းမြို့ အ.ထ.က(ခွဲ) ကျွန်းတောကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မိုးကောင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အ.ထ.က(ခွဲ) ကျွန်းတောကျောင်း ကျွန်းရွှေဝါခန်းမ၌ အောက်တိုဘာ ၁၆ရက် နံနက် ၁၀နာရီတွင် ကျင်းပခဲ့သည်။




အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးကြိုင်က လူငယ်စကားဝိုင်းတွင် တက်ရောက်ဆွေးနွေးကြသော လူငယ်များအနေဖြင့် အသိပညာ ဗဟုသုတရရှိစေပြီး အပြန်အလှန် ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိကာ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ကာ Grade-11မှ မထက်ထက်မြတ်နိုးက "လူငယ်နှင့်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မထွယ်ဆန်ပန်က "လူငယ်နှင့် အနာဂတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10မှ မဆိုင်းလုအောင်က "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9မှ မလှလှဒင်က "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဝေယံလင်းထွန်းက "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**လဲချား အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ အခြေခံပညာ မူလတန်းကျောင်း (ဟိုနောင်လုံ)တွင် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် အတွက် ရည်ရွယ်၍ အခြေခံပညာကျောင်းများကို အလှည့်ကျစနစ်ဖြင့် ယခုလိုပြပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။

ဆက်လက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်အန္တရာယ်အသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူ အင်အား ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လူတော် လူကောင်း

* တရားမနာ၊ ဆရာမရှိ
သတိမကပ်၊ သူမြတ်တို့ထံ
နာခံမှတ်သား၊ ကျိုးမများဘူး
စိတ်ကူးဝေဖန်၊ ထိုသူ့ထံတွင်
ပညာဏ်ခန်းခြောက်၊ လိမ္မာပျောက်သည်
မှတ်ကျောက်တင်စရာ၊ လူ့အစဉ်အလာ။

* မွေးဖွားရာစ၊ သေရွာအဆုံး
ရှင်ပြုံးကြည်သာ၊ နေစရာအဖြစ်
လူ့အနှစ်ကို၊ ပိုင်ဆိုင်လိုမှု
ထိုသည့်သူသည်၊ ကြည်ဖြူစိတ်မှာ
မေတ္တာရောင်ဖိတ်၊ တလိပ်လိပ်သည်
သည်းထိတ်ရင်မှာ၊ ရှိအပ်စွာတည့်။

* မေတ္တာလည်းရှိ၊ ပညာသိဖြင့်
ပီတိသူမြတ်၊ ရင်ဝယ်လုပ်သော်
မြွက်ဖော်စကား၊ လူ့စွမ်းအားတိုင်း
ကြိုးစားရန်ကန်၊ လုပ်ငန်းမှန်သမျှ
ကျနသေသပ်၊ မြတ်ထက်မြတ်၍
ဆုံးဖြတ်သေချာ၊ များပြောင်စွာပင်
လူတွင်လူထွတ်၊ မချွတ်ကေန်ရောက်မည်မှန်။

* လောကထိပ်ပန်၊ လူ့သဏ္ဍာန်အသွင်
ထင်မြင်ခတ်နိပ်၊ လူ့ပဏ္ဍိတ်သည်
တိတ်ဆိတ်ညင်သာ၊ မနေသာလျက်
ထမ်းရွက်သယ်ပိုး၊ လူ့ဘောင်အကျိုးကို
ပြည့်ဖြိုးနိုင်ကြ၊ မြင့်ခေါင်သီသို့
လှမ်းချီနိုင်ရေး၊ အားထုတ်ပေးသည်
စိတ်အေးချမ်းသာ၊ ပြည်သာယာမည်
မှန်စွာလူတော် လူကောင်းတည်း။ ။

**သောင်းမြင့်ဇော်-သုံးဆယ်မြေ(မန္တလေး)**






## မွေးနေ့အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က မွေးနေ့အထိမ်းအမှတ် ရာသက် ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ဘဒ္ဒန္တကောသဝ(မွှာစရိယ၊ B.A)ထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြသည်။

ထို့နောက် မန္တလေးမြို့၊ ၆၉လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်း ကြား၊ နယူးစီဗွီလိုင်းရပ်နေ အလှူ ရှင် အင်ဂျင်နီယာများဖြစ်ကြ သော ဦးတင်မောင်ကျော်+ ဒေါ်နွယ်နီညွန့်(သား)ကိုဖြိုးပြည့် အောင်+ဒေါက်တာဆုလှဲ့ဝေထွန်း မိသားစုက ကိုဖြိုးပြည့်အောင်၏ အသက် (၃၂)နှစ်ပြည့်မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် ရာ သက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ် သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၅၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း က လက်ခံရယူသည်။

ဆက်လက်၍ အဆိုပါအလှူ ရှင် မိသားစုက ကျောင်းအုပ်ဆရာ တော်အမှူးပြုသော ကထိကဆရာ တော်များ၊ သင်တန်းသား သံဃာ တော်များအား နေ့ဆွမ်း ဆက် ကပ်လှူဒါန်းခဲ့ကြကြောင်း သိရ သည်။ **(အပေါ်ပုံ) PNT**

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစု များက စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော် မူကြသော သံဃာတော်များနှင့် သာမဏေများအား ဘုံဆွမ်း လောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေး ပြင်၊ လေးရပ်မှ ကြွရောက်တော် မူကြသော ဆရာတော်၊ သံဃာ တော်များအား အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက (၁၃၇)ကြိမ် မြောက်အဖြစ် ဆွမ်း၊ ဝက်သား မျှစ်ချဉ်ချက်၊ ငါးပိထောင်းဘူး များကို ၃၆လမ်းနှင့် ၆၉လမ်း ထောင့်တွင် ပြင်ဆင်၍ ကြွရောက် လာကြသော သံဃာတော်နှင့် သာမဏေအပါး ၂၀၀ ကျော်တို့ အား နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြသည်။

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ် ပြီး လေးပြင်၊ လေးရပ်မှ သံဃာ တော်များအား ကြွရောက်အလှူခံ နိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**





## (၃၇)ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မဟာဘုံကထိန်တော် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ (၃၇)ကြိမ်မြောက် မီးသတ်တပ်ဖွဲ့ မိသားစုဝင်များ၏ မဟာကထိန် တော် ရေစက်ချအလှူတော်မင်္ဂလာ ကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ပုသိမ်ကြီး မြို့နယ်၊ ကျီကုန်းကျေးရွာရှိ သီရိ မင်္ဂလာသရက်တောကျောင်းတိုက် တွင် ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုမီးသတ် သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးစိုးဝင်းနှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီး မီးသတ် ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော် ဝင်းထွန်းနှင့် ဇနီး၊ ဒုတိယတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူးနှင့်ဇနီး၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူး များ၊ မန္တလေးမြို့ရှိ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ် ကြားထားသူများ တက်ရောက် ကြပြီး ကထိန်သင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက် ကပ်လှူဒါန်းကြသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန စုပေါင်းမဟာ ဘုံကထိန်တွင် ပဒေသာပင် ၁၃၂ ပင်၊ ကထိန်အလှူငွေကျပ်သိန်း ၂၅၀၊ ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၃၅၀၊ စုစုပေါင်းငွေကျပ်သိန်း ၆၀၀ ခန့် ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၅)**

## (၄၈)ကြိမ်မြောက် တိုင်းရင်းဆေးမိသားစု မဟာဘုံကထိန် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း(မန္တလေးတိုင်းဒေသ ကြီး)၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးဝါး လုပ်ငန်းစက်ရုံ၊ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနများ၊ တိုင်း ရင်းဆေးဝါးလုပ်ငန်းရှင်များ ပူး ပေါင်း၍ တိုင်းရင်းဆေးမိသားစု၏ (၄၈)ကြိမ်မြောက် ကထိန်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်ဝယ် ကျေးရွာ တိကိစ္စာလယမ္မဝိဟာရ ကျောင်းတိုက်တွင် ကျင်းပသည်။

ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲသို့ တိကိစ္စာလယမ္မ ဝိဟာရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂ သာရအမှူးပြုသော ပင့်သံဃာ ၁၅ ပါးကြွရောက်တော်မူကြပြီး တိုင်း ရင်းဆေးတက္ကသိုလ်(မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယ ပါမောက္ခချုပ်(စီမံ)ဒေါက်တာ မြင့်မြင့်သန်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခ ဦးဌေးလွင် နှင့် ပါမောက္ခများ၊ ကထိကများ၊ တိုင်းရင်းဆေးပညာဦးစီး(မန္တလေး တိုင်းဒေသကြီး)မှ ဒုတိယတိုင်း ဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ခုတင် (၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်း ဆေးရုံမှ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင် ထက်၊ ခရိုင်၊ မြို့နယ်တိုင်းရင်း ဆေးကုဌာနများမှ ဆရာ၊ ဆရာမ များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း(မန္တလေးတိုင်းဒေသ ကြီး)မှ ဒုတိယဥက္ကဋ္ဌနှင့် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များ တက်ရောက် ကြည်ညိုကြပြီး ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါးတို့အား ကထိန်လျာဥာတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက် ကပ်လှူဒါန်းကာ ရေစက်ချတရား နာယူ ကြည်ညိုခဲ့ကြသည်။

အဆိုပါ (၄၈)ကြိမ်မြောက် မဟာဘုံကထိန်လှူဒါန်းပွဲတွင် နဝ ကမ္မအလှူငွေကျပ် ၁၂၇ သိန်း၊ လှူဖွယ်ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၅၀ ကျော်၊ စုစုပေါင်း ငွေကျပ် ၁၇၇ သိန်းကျော်အား ရေစက် သချလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၀)**





## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၀**

ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ နန်းတော်ရှေ့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးသို့ ဦးအောင်တင်+ ဒေါ်တင်တင်ရီ၊(သား)မောင်စန်း ဝင်းအောင်တို့အား ရည်စူး၍ မန္တလေးမြို့၊ ၈၄လမ်း၊ ၃၅လမ်း နှင့် ၃၆လမ်းကြားနေ ဦးမျိုးမင်း အောင်+ဒေါ်သီတာ၊(သား)မောင် ချမ်းနိုင်ခန့် မိသားစုက ဆေးပဒေ သာပင်အလှူငွေကျပ် ၁၀ သိန်း ကို ယမန်နေ့က ဆေးရုံအလှူခံ ဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။ **(အပေါ်ပုံ)**

ဇီဝိတဒါနသာသနာ့အထူး ကုဆေးရုံကြီး (မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာ ပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ အလှူခံဌာနဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရ သည်။ **(မန္တလေးနေ့စဉ်-၁)**

## မြို့နယ်တိုင်းရင်းဆေးကုသဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ ၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆင်ပေါင်ဝဲမြို့နယ်၊ တိုင်းရင်း ဆေး ကွင်းဆင်းဆေးကုသရေး အဖွဲ့မှ ကွင်းဆင်းဆေးကုသခြင်း ကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့နယ်၊ မကြီးစမ်းကျေးရွာမွှာရုံအတွင်း ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးကုသခြင်း လုပ်ငန်းများကို မြို့နယ်တိုင်းရင်း ဆေးကုဌာနမှ မြို့နယ်တိုင်းရင်း ဆေးမှူးဦးငြိမ်းချမ်းစိုးနှင့် ဝန်ထမ်း များက အဆိုပါကျေးရွာရှိ ပြည်သူ များအား ရောဂါလက္ခဏာများ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင် ရာ ရောဂါများအလိုက် အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၃)၊ မြေကွက်ပေါ်တွင် ဦးနိုင်ဝင်းပါ၂ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မထလ(နိုင်)၀၀၁၅၂၀)က RC၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄)၊ ဦးပိုင်အမှတ်(၁)ခဲစင်း၊ မြေကွက်ပေါ်တွင် ဒေါ်မြသက်နွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/သပက(နိုင်)၀၅၂၇၈၂)က SS ၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(C)စီ၊ ဦးပိုင်အမှတ်(၃၉)ခဲစင်း၊ ၁၀၉လမ်းနှင့် လမ်း၁၁၀ကြား၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မင်းစိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၇၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မို့မို့ခိုင်(၉/အမဇ(နိုင်)၀၀၂၇၃၂) က ဘောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၀၄၈/၂၀၂၅-၂၀၂၆)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်အမှတ်(၁၃)၊ မြေကွက်ပေါ်တွင် ဒေါ်ကြူကြူသန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၇၆၄၄၀)က RC၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(တ-၃)၊ ဦးပိုင်အမှတ်(၇၅)၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဦးစိုးမောင်လှ၊ ဒေါ်ခင်မော်မော်လှ၊ ဒေါ်ခင်အေးအေးလှ၊ ဦးနေမျိုးလှ၊ ဒေါ်ခင်ဥမ္မာလှ၊ ဒေါ်ခင်မြနန္ဒာလှ၊ ဒေါ်ခင်မြသန္တာလှအမည်ပေါက် ဂရန်မြေကွက်အား ဦးနေမျိုးလှ(လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူ ပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဦးစိုးမောင်လှ(၉/မရမ(နိုင်)၀၂၁၂၄၁)၊ ဒေါ်ခင်မော်မော်လှ(၉/မရမ(နိုင်)၀၂၁၂၄၂)၊ ဒေါ်ခင်အေးအေးလှ(၉/မရမ(နိုင်)၀၂၁၂၄၃)၊ ဒေါ်ခင်ဥမ္မာလှ(၉/မရမ(နိုင်)၀၂၁၂၄၅)၊ ဒေါ်ခင်မြနန္ဒာလှ(၂/လကန(နိုင်)၀၀၁၅၈၂)၊ ဒေါ်ခင်မြသန္တာလှ(၉/မရမ(နိုင်)၀၈၂၈၃၁)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၈၄)ခဲစင်း၊ ၁၁၀(E)လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ညွန့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၈၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးမမမိုး(၁၂/ရကန(ဧည့်)၀၀၀၀၇၈)က ဘောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၀၅၀/၂၀၂၅-၂၀၂၆)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၁၈)၊ Bလမ်းနှင့် C လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန္တာဆွေ(၁၂/သကတ(နိုင်)၀၉၀၉၈၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းသန်းနု(၉/ညဥန(နိုင်)၀၀၆၅၅၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၄)၊ ဦးပိုင်အမှတ်(၁၂-က)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၁၇လမ်းနှင့် သံလမ်းကြားရှိ ဒေါ်တင်ကြည်အမည်ပေါက်ဘောဂရန်မြေကွက်အား ဖခင်ဦးသန်း၊ မိခင်ဒေါ်တင်ကြည်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးတင်ထွန်း(၉/ခမစ(နိုင်)၀၂၉၁၃၁)၊ ဒေါ်သန်းသန်းမော်(၉/မနမ(နိုင်)၀၉၈၇၃၅)တို့က ဘောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၇၆-င)၊ ၂၄လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်သိန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၉၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်လှတင်၏(GP ရရှိသူ ဒေါ်မင်းမင်းချော)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်မျိုးဦး(၉/အမဇ(နိုင်)၀၀၈၅၇၂)က အမွေတွဲအမှတ်(၃၀၇၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၈၂)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ခတ္တာလမ်းနှင့် ဂန္ဓမာလမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၃၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိုကြားမယ်(၉/မမန(နိုင်)၀၈၀၉၁၁)က ဘောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၀၆၃/၂၀၂၅-၂၀၂၆)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်(၄၅)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်တင်နွယ်ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၄၇/၂၀၂၁)ဖြင့် ဒေါ်ဝင်းကြည်၊ ဒေါ်ခင်သန္တာထွန်းတို့က ဝယ်ယူခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ်(၂၆၇၂/၂၀၂၄)ဖြင့် ဒေါ်ခင်သန္တာထွန်း၊ ဦးကြည်နိုင်ဦး၊ ဦးရဲသီဟ၊ ဒေါ်အေမီထွန်းတို့က အမွေဆက်ခံခဲ့ပြီး ဦးကြည်နိုင်ဦးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၃၃/၂၀၂၅) ဖြင့် ပိုင်ဆိုင်ခဲ့ကြသော ဒေါ်ခင်သန္တာထွန်း(၉/မနမ(နိုင်)၁၀၇၆၈၁)၊ ဒေါ်စန်းမြင့်အေး(၅/ကနန(နိုင်)၀၀၀၃၅၁)၊ ဦးရဲသီဟ(၉/မနမ(နိုင်)၁၀၇၇၀၀)၊ ဒေါ်အေမီထွန်း(၉/မနမ(နိုင်)၁၀၇၆၈၂)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၅၀)၊ ၅၆(B)လမ်းနှင့် ၁၀၅(A)လမ်းထောင့်ရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှလှသိန်း(၉/မရတ(နိုင်)၀၇၄၃၆၃)၏(SP ရရှိသူ ဒေါ်စုလိုင်)က ဘောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၀၆၉/၂၀၂၅-၂၀၂၆)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၁)၊ ဦးပိုင်အမှတ်(၁)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ထွေး(၁၂/ဥကမ(နိုင်)၂၂၀၂၅၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၃၂)၊ Bလမ်းနှင့် C လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ဝင်း(၉/ညဥန(နိုင်)၀၀၇၆၄၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းဆွေ(၈/မကန(နိုင်)၀၀၈၂၂၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၁၉)၊ Bလမ်းနှင့် Cလမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှသန်း(၉/ညဥန(နိုင်)၀၄၉၈၂၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းဆွေ(၈/မကန(နိုင်)၀၀၈၂၂၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၈၉)၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးတင်မြတ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၆၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီထွန်း(၁၃/လလန(နိုင်)၀၄၁၈၆၀)၏ ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ပျောက်ဆုံးသွားသော ဗိုလ်မှူးတင်မြတ်အမည်ပေါက် ဘောဂရန်အမွေတွဲအမှတ်(၁၉၄၇/၉၁-၉၂)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၈)၊ ဦးပိုင်အမှတ်(၆၉)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ လမ်း၁၃၀နှင့် ၁၃၁လမ်းကြားရှိမြေကွက်အား ဘောဂရန်အမွေတွဲအမှတ်(၁၅၁၁/၉၀-၉၁)အရ ဦးဝင်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၃၁၁၆၉)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးလင်းထက်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလတ(နိုင်)၁၀၉၇၀၉)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၇၈)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၉လမ်းနှင့် လမ်း၁၄၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ဌေး(၉/မနတ(နိုင်)၀၂၆၀၂၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၇၀/၂၀၀၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းဝင်းစိုး(၈/နမန(နိုင်)၀၉၈၄၅၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဏ)၊ ဦးပိုင်အမှတ်(၂၆-ခ)၊ ၁၀၂(A)လမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အိုင်ချင့်(ခ)မီမီအောင်(၉/မရမ(နိုင်)၀၀၁၆၅၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၂၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချယ်ရီ(၉/မရမ(နိုင်)၀၈၁၉၆၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်အမှတ်(၃၂)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိမြေကွက်အား ဘောဂရန်အမွေတွဲအမှတ်(၂၄၂၁/၉၂-၉၃)အရ ဦးဆောင်ရှောင် မှတ်ပုံတင်အမှတ်(PGN-၀၂၂၂၅၉)(၉/မရတ(နိုင်)၀၉၇၄၆၂)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ငွေရ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၃၆၄၉၇)၊ ဒေါ်မြင့်မြင့်ဝင်းနိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၃၆၈၁)တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ မြို့ကွက်သစ်တည်ဆောက်ရေးကော်မတီအဖွဲ့၏ (၃၀-၃-၁၉၉၅)ရက်စွဲပါ စာအမှတ် (၀၀၂/မြို့ကွက်သစ်/၉၅)ဖြင့် ဒေါ်သောင်း(အဘ)ဦးလူသစ်(DI-၀၅၈၄၃၂)၊ မင်းတဲအိကင်း(ဆင်ရှာ) အမည်ဖြင့် ချထားရရှိသော မြေကွက်၏ တောင်ဘက်ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုးဝင်းထွန်း(အဘ)ဦးထွန်းရွှေ(၉/ခအစ(နိုင်)၀၁၅၈၃၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇ / ၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ(၀ ဒသမ ၁၄၆၉)ဧကရှိ ဦးရဲမင်း၊ ဒေါ်မြင့်မြင့်ခိုင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၈၉/၂၀၁၈) လက်ခံဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဖြူဖြူလင်း(အဘ)ဦးလောက်အယ်(၁၃/ကလတ(နိုင်)၀၂၄၇၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇ / ၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ရှမ်းရွာကလေးအတွင်းရှိ ဦးသန်းဌေး အမည်ပေါက် ကွင်း/အကွက်အမှတ်(၅၇၁/က၊ ရှမ်းရွာကလေး)၊ ဦးပိုင်အမှတ်(၁၃/၁)၊ (ယာ)မြေကွက် မြေကွက်ဧရိယာ(၃ ဒသမ ၁၇)ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းဌေး(ဘ)ဦးစံရှင်(၉/အမရ(နိုင်)၀၂၀၈၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်ဧရိယာ(၁ ဒသမ ၉၅)ဧကကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစာနည်ထွန်း (LL.B)** **ဒေါ်စန္ဒာဝင်း (LL.B)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(၈)ရပ်ကွက်၊ ထုံးဘိုကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၉၇၀၃၆၅၇၁၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ ပေ(၃၀×၄၀)ဧကရှိ ဦးကိုဦး အမည်ဖြင့် ချထားရရှိသော မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်မာ(ဘ)ဦးငယ်(၉/မနမ(နိုင်)၀၉၁၅၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစွဲထွဋ်စိုး (LL.B)** **ဒေါ်ဝင်းဝင်းရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဇ-၃/ ၂၉)၊ ၆၁လမ်း၊ ၁၁၁(C)လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၀၀၄၀၄၊ ၀၉-၆၆၀၀၁၁၄၀၄၊ ၀၉-၉၆၄၁၀၀၄၀၄၊ ၀၉-၉၇၀၈၈၂၀၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၄)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးဝေလွင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်အောင်(ဘ)ဦးထွန်းကြည်(၉/နထက(နိုင်)၁၅၀၂၁၃)နှင့် ဒေါ်ယဉ်ယဉ်ချော(ဘ) ဦးခင်မောင်ဝင်း(၉/နထက(နိုင်)၁၄၈၁၁၅)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL) (တရားလွှတ်တော်ရှေ့နေ)**
**ညည-၆၈ / ၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်နေ **ဦးသီဟလှိုင်(ဘ)ဦးတင်စိုး(၅ / စကန(နိုင်)၁၉၈၄၅၃)**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးသီဟလှိုင်**သည် ပူးတွဲဖော်ပြပါ **Panther** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်**(၁၆၁၃/ ၂၀၂၅)**အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **Panther** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **Panther** အမှတ်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် **ဦးသီဟလှိုင်**၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက **ဦးသီဟလှိုင်**၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ဖျောက်ဆိပ်ကုန်းရပ်ကွက်၊ မဟာဝိဇာရာမကျောင်းတိုက် အနောက်ဘက်လမ်း အရှေ့-အနောက် (၁၅)ပေ၊ တောင်-မြောက် (၂၇)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝင်းနန္ဒာထွန်း(ဘ)ဦးခင်ထွန်း(၉/အမရ(နိုင်)၁၂၈၈၇၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဒေါ်အေးအေးခိုင်(ဘ)ဦးစိုးပိုင်**
**(၅ / ခဥတ(နိုင်)၁၀၇၇၃၆)**

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားသူ –**
**ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့်(LL.B) (အထက်တန်းရှေ့နေ)**
**ပိုက်ကျုံး၊ အကွက်(၂၂၅)၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၂၈၀၇၅၅၈၇**

❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေး တည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရ...

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ၊ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများ စီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

**❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

**❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့်ထုတ်လုပ်ခြင်း သုတေသနဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာစင်တာ၌ (Center for Research and Innovation) Innovative Biophysics Lab တွင် Green Hydrogen Fuel Cell နည်းပညာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် စွမ်းအင်စနစ် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနကထိက ဒေါက်တာစောလင်းဦးက ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့် တစ်နာရီ ၁၀၀ လီတာ ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဖုန်အဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ် ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးများတွင်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပါဝင်ယှဉ်ပြိုင်လာကြသည်အထိ အောင်မြင်မှုရရှိလာသည်ကို တွေ့မြင်ရပါကြောင်း။

တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အားကစားအဆင့်အတန်း မြှင့်တင်ရန်၊ တက္ကသိုလ်အားကစားပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံကိုယ်စားပြု အားကစားသမားများအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန်၊ အားကစားစိတ်ဓာတ်ကိုအရင်းခံ၍ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ဖွံ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်း၊ ဥပဒေနှင့် နည်းဥပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းဖြစ်မှု စသည့် အရည်အသွေးကောင်းများရှိစေရန်၊ အာဆီယံနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အောင်ပွဲရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါကြောင်းပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီထံ တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲအတွက် ဂုဏ်ပြုငွေ ပေးအပ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဖုန်အဆင့်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် အောက်မြန်မာပြည် ဇုန်လေးဇုန်နှင့် အထက်မြန်မာပြည် ဇုန်လေးဇုန်အဖြစ် ဇုန်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ စုစုပေါင်း ၂၇၂ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုမှတစ်ဆင့် အနောက်ဘက်သို့ ရွေ့လျားနိုင်ကာ ပိုမိုအားကောင်း၍ နောက် ၁၂ နာရီအတွင်း အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

Japan Meteorlogical Agency (JMA) မှ အပူပိုင်းမုန်တိုင်း "ဖန်ရှန်" (FENGSHEN) လမ်းကြောင်းပြပုံ





**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ